ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်၊ သောကြာနေ့၊ (17-12-2010) (၆ြ၁၅)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၁၇

၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ကျရောက်သော ဘူတန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘူတန်နိုင်ငံ ဘုရင်မင်းမြတ် ဂျစ်မီခေဆာ နန်းဂျဲလ်ဝန်ချွတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ပုဂံနှင့်မုံရွာဒေသရှိ ဘုရားများအား ဖူးမြော်ကြည်ညို



နေပြည်တော် ဒီဇင်ဘာ ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ပုဂံဒေသရှိ ဆင်များရှင်ဘုရားနှင့် မုံရွာမြို့နယ်ရှိ မဟာဗောဓိတစ်ထောင်လေးကျွန်းစကြာ ရုပ်တော်မူဘုရားကြီးနှင့် မိုးညှင်းသမ္ဗုဒ္ဓေဘုရားကြီးတို့အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ပုဂံဒေသရှိ ဆင်များရှင်ဘုရားသို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ သစ်သီး၊ ပန်းနှင့် ရေချမ်းတို့ကို ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကြကာ အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ဆင်များရှင်ဘုရားအား လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ရဟတ်ယာဉ်ဖြင့် ညောင်ဦးမြို့မှ ထွက်ခွာခဲ့ကြရာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခတက္ကန်တောင်ကျေးရွာသို့ ရောက်ရှိကြသည်။ **စာမျက်နှာ ၃ ကော်လံ ၃ သို့** ❍

ဖူးမြော် ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဆင်များရှင်ဘုရားရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၁၇-၁၂-၂၀၁၀
(သောကြာနေ့)

ပုပ္ပားတောင်ဒေသ စိမ်းလန်းစိုပြည်
လက်ဖက်စိုက်ခင်းများအောင်မြင်ရေး အားပေးကူညီ

မြန်မာနိုင်ငံအလယ်ပိုင်းရှိ ပုပ္ပားတောင်ဒေသသည် သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်နေပြီ။ ပူပြင်းခြောက်သွေ့သော အညာဒေသအတွက် တန်ဖိုးကြီးမားသော သဘာဝအရင်းအမြစ်ကြီး ဖြစ်သည်။ ဒေသအတွင်း စီးဆင်းနေသည့်မြစ်ငယ် ချောင်းငယ်များ ပုပ္ပားတောင်၌ စတင်အခြေပြုနေသော အညာဒေသ၏ ရေဝေရေလဲတောင်တန်းကြီးတစ်ခု။

ပုပ္ပားတောင်ဒေသဝန်းကျင်ရှိ တည်ဆောက်ပြီး ဆည်တမံများသည် ပုပ္ပားတောင် ရေဝေရေလဲသစ်တောများနှင့် ဆက်စပ်ယှက်နွယ်လျက်ရှိသည်။ သစ်တောသစ်ပင်ပေါင်း ၁၃ သိန်းကျော်နှင့် နှစ်ရှည်သီးပင် သုံးသန်းခန့်ကို တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ပုပ္ပားတောင်ဒေသ စိမ်းလန်းစိုပြည်ရေး ဆက်လက်ထိန်းသိမ်းနေကြပြီ။

ထို့အပြင် စိမ်းလန်းစိုပြည်ရေးလည်းအကျိုးပြု၊ ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းသစ်အဖြစ် ဝင်ငွေလည်းရရှိနိုင်သည့် လက်ဖက်စိုက်ခင်းများကို တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး၊ ပုပ္ပားတောင်ဒေသနှင့် မကွေးတိုင်းဒေသကြီး နတ်ရေကန်တောင်ဒေသတို့၌ လက်ဖက်စိုက်ခင်းများကို ၂၀၀၈ ခုနှစ်မှစ၍ စိုက်ပျိုးခဲ့သည်။

ပုပ္ပားတောင်နှင့် နတ်ရေကန်တောင်ဒေသတို့တွင် ၂၀၁၁ -၂၀၁၂ အထိလက်ဖက်စိုက်ခင်းဧက ၂၅၀၀ ကျော် လျာထားစိုက်ပျိုးလျက်ရှိသည်။ ယခုအခါ လက်ဖက်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ လက်ဖက်စိုက်ခင်းများနှင့်အတူ ဖြစ်ထွန်းအောင်မြင်နိုင်သည့် နှစ်ရှည်ပင်များကိုလည်း နှစ်စဉ် တိုးချဲ့စိုက်ပျိုးနေကြသည်။

ပုပ္ပားတောင်ဒေသသည် အညာဒေသ၏ ရာသီဥတုကောင်းမွန်မှုကို အထောက်အကူပြုနေသည်။ နှစ်ရှည်သီးပင်များဖြစ်သည့် သီဟိုဠ်၊ သရက်ကြမ်း၊ စိန်တလုံးသရက်၊ ပိန္နဲ၊ မန်ကျည်းနှင့်အခြားနှစ်ရှည်သီးပင်များ ဆက်လက်စိုက်ပျိုးကြရပေမည်။ ပုပ္ပားတောင်မကြီး၌ နှစ်ရှည်သီးပင်၊ စားပင်၊ လက်ဖက်စိုက်ခင်းများနှင့် သီးညှပ်စိုက်ခင်းများ အောင်မြင်ရေး ကြိုးပမ်းကြရပေမည်။

သစ်တောသစ်ပင်များသည် ရာသီဥတုကို ညီညွတ်မျှတစေသည်။ မြေဆီလွှာထိန်းသိမ်းရေးနှင့် သစ်တောဂေဟစနစ်ကို ပိုမိုကောင်းမွန်စေသည်။ **“ဥတုရာသီတောကိုမှီ၏”၊ “တောတောင်စိမ်းမှ စမ်းရေရ၏”၊ “သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပစိမ်းမြမြ”** ဟူသည့် သစ်တောရေးရာ ဆောင်ပုဒ်များနှင့်အညီ ပုပ္ပားတောင်ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် လက်ဖက်အပါအဝင် နှစ်ရှည်ပင်များ တိုးချဲ့စိုက်ပျိုးအောင်မြင်ရေး အားပေးကူညီသွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်း

နေပြည်တော် ဒီဇင်ဘာ ၁၆

၂၀၁၁ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ပေါင်းလောင်းရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၁ခုနှစ် (၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်အေး၊ တပ်မတော်အရာရှိကြီးများ၊ ဆပ်ကော်မတီဝင်များဖြစ်ကြသည့် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)** ထို့နောက် အခမ်းအနားကျင်းပရေးဆပ်ကော်မတီ အတွင်းရေးမှူးက ဆပ်ကော်မတီများအလိုက် လုပ်ငန်းတာဝန်ခွဲဝေပေးထားမှု အခြေအနေ၊ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ဆပ်ကော်မတီဝင်များက လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်နေသည့် အခြေအနေများနှင့် စီမံချက်များကို တင်ပြကြသည်။

ထို့နောက် တိုင်းမှူးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး နိုင်ငံတစ်ဝန်း တီဘီရောဂါဖြစ်ပွားမှု စစ်တမ်းကောက်ယူခြင်းရလဒ်များ ဖြန့်ဝေအသိပေးသည့် အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တီဘီရောဂါဖြစ်ပွားမှု စစ်တမ်းကောက်ယူခြင်းရလဒ်များ အလုပ်ရုံဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၆

ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းက ဆောင်ရွက်ခဲ့သော နိုင်ငံတစ်ဝန်း တီဘီရောဂါဖြစ်ပွားမှု စစ်တမ်းကောက်ယူခြင်းရလဒ်များ ဖြန့်ဝေအသိပေးသည့် အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ စီမံချက်မန်နေဂျာများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ရုံးချုပ်မှ Medical Officer, Dr. Ikushi Onozoki နှင့် Dr. Philippe D.TGlaziou၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တီဘီရောဂါဆရာဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံတွင် တီဘီရောဂါသည် အဓိကဦးစားပေး တိုက်ဖျက်ရမည့် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်ပြီး ကမ္ဘာတွင် တီဘီရောဂါအဖြစ်များဆုံး ၂၂ နိုင်ငံထဲ၌ ပါဝင်နေဆဲဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် ထောင်စုနှစ် ရည်မှန်းချက်များကိုလည်း ပြည့်မီအောင် ကြိုးစားဆောင်ရွက်နေကြောင်း၊ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းအနေဖြင့် (၂၀၀၆-၂၀၁၀) (၅) နှစ်စီမံကိန်း ချမှတ်ပြီး ဦးစားပေးဆောင်ရွက်ခဲ့ရာ ၂၀၀၉ ခုနှစ်တွင် ရောဂါရှာဖွေတွေ့ရှိနှုန်း ၉၅ ရာခိုင်နှုန်းနှင့် ရောဂါကုသမှု ပျောက်ကင်းနှုန်း ၈၅ ရာခိုင်နှုန်းရရှိခဲ့ကြောင်း၊ သို့ရာတွင် ရရှိထားသည့် အောင်မြင်မှုနှင့် ကျေနပ်မနေဘဲ တီဘီလူနာသစ်များ ဆက်လက်ပေါ်ထွက်လာနိုင်ရေးနှင့် ရောဂါရှာဖွေတွေ့ရှိနှုန်း ရာနှုန်းပြည့်ဖြစ်အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လူနာသစ်များကိုလည်း ရောဂါပျောက်ကင်းအောင် စနစ်တကျ ကုသပေးခြင်းအားဖြင့် ဆေးယဉ်ပါးသော တီဘီကို ဝိုင်းဝန်းကာကွယ်ကြရန် လိုအပ်ကြောင်း၊ ယခု တစ်နိုင်ငံလုံး တီဘီရောဂါ စစ်တမ်းကောက်ယူခြင်းလုပ်ငန်းမှ ထွက်ပေါ်လာသည့် ရလဒ်များအပေါ် အခြေခံ၍ကျေးလက်ဒေသ အောက်ခြေအထိ ကျန်းမာရေးပညာပေးခြင်း၊ တီဘီရောဂါရှာဖွေကုသရေးလုပ်ငန်း အဆင်ပြေချောမွေ့စွာ ရနိုင်ရေးကို ပြည်သူလူထုက ပူးပေါင်းဆောင်ရွက်လာရေးနှင့် ဆေးပညာရှင် အားလုံးက တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းတွင် ဝိုင်းဝန်းကြိုးပမ်း ပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံချက်မှ စီမံချက်မန်နေဂျာ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန္တာလွင်က တီဘီရောဂါတိုက်ဖျက်ရေး စီမံချက်မှ အမျိုးသားတီဘီရောဂါစစ်တမ်းကောက်ယူအသုံးပြုခဲ့သည့် နည်းလမ်းကိုလည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံးချုပ်မှ Medical Officer, Dr.Ikushi Onozoki က မြန်မာနိုင်ငံတွင် တီဘီရောဂါစစ်တမ်းကောက်ယူခြင်း တွေ့ရှိချက်များ အခြေအနေကိုလည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံးချုပ်မှ Dr. Philippe D.T Glaziou က မြန်မာနိုင်ငံတွင်တီဘီရောဂါဖြစ်ပွားမှု၊ သေဆုံးမှု ခန့်မှန်းတွက်ချက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်တွေ အထက (၂) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

စစ်တွေမြို့ နော်မံနှင့် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား၊ကျောင်းသူများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်း ဓမ္မဇေယျခန်းမနှင့် ရန်ကုန်မြို့ ဗဟန်း ဦးထောင်ဗိုလ်လမ်း ဓညဝတီဘုန်းတော်ကြီးကျောင်းတို့၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲတွင် စစ်တွေမြို့ရှိ အငြိမ်းစားဆရာ၊ဆရာမ ၄၁ ဦးနှင့် အဝေးရောက် ဆရာ၊ ဆရာမ ၃၅ ဦးတို့အား ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့်အလှူငွေများ ထည့်ဝင်လိုပါက စစ်တွေမြို့တွင် ဦးအောင်သိန်းလှ ဖုန်း-၀၉-၄၉၆၄၀၀၅၉၊ ဦးဘခင် ဖုန်း-၂၃၅၀၀၊ ဦးစောထွန်းအောင် ဖုန်း-၀၉-၈၅၀၀၂၆၉၊ ဦးကျော်လှစိန် ဖုန်း-၀၉-၈၅ ၀၀၄၃၄၊ ကိုသူရိန်ထွန်း ဖုန်း-၂၁၈၆၈၊ ဦးသန့်ဇင် ဖုန်း-၂၁၇၈၀၊ ရန်ကုန်မြို့တွင် ဦးသန်းစိန် ဖုန်း-၃၉၇၄၀၅၊ ဦးသာနု ဖုန်း-၀၉-၅၂၆၁၄၈၇၊ ဦးသန်းထွန်း ဖုန်း-၀၉-၈၆၄၀၂၃၂၊ ဦးမောင်မောင်ထွန်းအောင် (ကျန်းမာရေး) ဖုန်း-၀၉-၅၄၀၄၈၃၇၊ ဦးကျော်ကြီး ဖုန်း-၂၅၁၇၂၂၊ ဒေါ်ဇေစံ ဖုန်း-၂၉၃၇၈၄၊ ဦးမောင်မောင်ကျော် ဖုန်း-၀၉-၅၁၇၁၉၅၁၊ ဒေါ်ချိုချိုဝင်း ဖုန်း-၆၆၄၃၁၁၊ ဒေါ်စောမြတ်နွယ် ဖုန်း-၀၉-၅၁၈၃၃၁၅၊ ဒေါ်ခင်မာဦး ဖုန်း-၂၉၁၀၂၂၊ ဦးမောင်သန်းမြ-ဒေါ်မြမြထွန်း ဖုန်း-၅၇ ၁၈၉၄နှင့် ဦးအောင်ကျော်ဝင်း ဖုန်း-၀၉-၅ ၁၄၀၂၁၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရွှေသင်းဘိုးဘွားရိပ်သာအတွက် တယ်လီဖုန်း လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရွှေသင်းဘိုးဘွားရိပ်သာတွင် လိုအပ်လျက်ရှိသည့် တယ်လီဖုန်း ကြိုးဖုန်းတစ်လုံးအတွက် အလှူရှင် ရဲဦးစီးအရာရှိချုပ် (ငြိမ်း) ဦးတင်ဝင်း- (ဒေါ်နီနီ) မိသားစု ရန်ကုန်က ငွေကျပ်ခုနစ်သိန်းကို လှူဒါန်းရာ အလှူရှင် ကိုယ်စား အစ်ကိုဖြစ်သူ မြို့နယ်သတင်းထောက်ဦးညွန့်ရွှေက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အထက(၁)မအူပင် မြတ်ဆရာပူဇော်ပွဲရက် ပြောင်းလဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

အထက(၁)မအူပင် (ယခင်ဟိုက်စကူးကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂ ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း၌ ကျင်းပရန် စီစဉ်ထားရာ ယင်းနေ့အစား ၂၀၁၁ခုနှစ် ဇန်နဝါရီ ၉ ရက်နံနက် ၁၁ နာရီတွင် မြတ်ဆရာပူဇော်ပွဲ ကျင်းပပြီး မိတ်ဆုံညစာစားပွဲကို ညနေ ၆ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ထပ်မံသိရှိရသည်။

(သတင်းစဉ်)

မြေယာရှင်းအလှုပြုပြင်

မိုင်းကိုင် ဒီဇင်ဘာ ၁၆

မိုင်းကိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် မြို့ဝင်ဆိုင်းဘုတ်နေရာတွင် မြေယာရှုခင်း အလှပြုလုပ်ခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်းကို ဒီဇင်ဘာ ၅ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးအောင်စိုးနှင့် အဖွဲ့ဝန်ထမ်းများက ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမြတ်ကိုသန်းက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

မိုးညှင်းသမ္ဗုဒ္ဓေဘုရားရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာရုပ်တော်မူဘုရားကြီး ပထမထပ်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

○ ရှေ့ဖုံးမှ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းနှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

မဟာဗောဓိတစ်ထောင်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာရုပ်တော်မူဘုရားကြီး ပထမထပ်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ သစ်သီး၊ ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာ ရုပ်တော်မူဘုရားကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းကြသည်။

မှတ်တမ်းတင်လက်မှတ်ရေးထိုး

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မဟာဗောဓိတစ်ထောင်လေးကျွန်းစကြာရုပ်တော်မူဘုရားကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် မဟာဗောဓိတစ်ထောင်လေးကျွန်းစကြာရုပ်တော်မူဘုရားကြီး တည်ထားကိုးကွယ်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ၊ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်များအား လှည့်လည်ကြည်ညိုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မဟာဗောဓိတစ်ထောင် ဗုဒ္ဓရွှေကျောင်းကြီးသို့ သွားရောက်၍ ပဓာနနာယကဆရာတော်ကြီး ငါးပါးအား ဖူးမြော်ကန်တော့ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် မဟာဗောဓိတစ်ထောင်ဆရာတော်ဘုရားကြီး ပုံတူရုပ်တုနှင့် ဘုရားခန်းအတွင်း လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

မိုးညှင်းသမ္ဗုဒ္ဓေ

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မဟာဗောဓိတစ်ထောင် ဗုဒ္ဓရွှေကျောင်းကြီးမှတစ်ဆင့် မုံရွာမြို့ မိုးညှင်းသမ္ဗုဒ္ဓေဘုရားသို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်တို့ကို ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

အလှူငွေပေးအပ်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့သည် မိုးညှင်းသမ္ဗုဒ္ဓေဘုရားကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံပေးအပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။



လေးကျွန်းစကြာရုပ်တော်မူဘုရားကြီး

မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာရုပ်တော်မူဘုရားကြီးအား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် မိုးညှင်းသမ္ဗုဒ္ဓေဘုရားအတွင်း လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် မုံရွာမြို့၏ မြို့ပြစည်ပင်မှု အခြေအနေနှင့် ကမ်းနားလမ်းတစ်လျှောက် အဆင့်မြှင့်တင်ဆောင်ရွက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

စီးပွားရေးတက္ကသိုလ် အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၁၆

ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ (၁၆) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် (ပင်မ) အခန်း(၁၀) နီလာရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို နီးစပ်ရာအမှုဆောင်များထံနှင့် မြန်မာ့စီးပွားရေးဘဏ် ငွေစုဘဏ်ခွဲ(၃) Current Account CF 000056 သို့ တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပြီး ဖုန်း-၀၉-၅၀၅၈၁၁၃၊ ၂၄၆၆၃၄၊ ၀၉-၄၉၃၁၅၆၃၁၊ ၇၃၀-၉၈၄၃၀၊ ၃၇၇၂၉၀၊ ၀၉-၅၁၄၆ ၈၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁၂-၂၀၁၀ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်+ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ “လောသကတိဿရဟန်းအကြောင်းဥပမာပြခန္ဓာညဏ်ရောက်ဒိဋ္ဌိဖြုတ်”တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
- ၆း၃၅ ထင်ရှားတည်ရှိမြင်းမထိ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လောကဝက်ပါ” (အပိုင်း-၁၀၇)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အရိပ်စစ်” (အပိုင်း-၇၄)**
- ၈း၅၀ Fashion Music Festival (Part-4)
- ၉း၃၀ Movie Talk [ဒါရိုက်တာကြည်စိုးထွန်း၊ ဒေါ်ချစ်မြစိန် (ရွှေညာမောင်ရုပ်ရှင်)] (အပိုင်း-၄)
- ၁၀း၀၀ Activities In The City (အကျဉ်းဦးစီးဌာန၏ဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲ)
- ၁၀း၁၀ ကုသိုလ်ဖြစ်ကျန်းမာရေး စစ်ဆေးခြင်း (Lumine Perfect Health)
- ၁၀း၂၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၀း၅၀ ဈေးဝယ်လမ်းညွှန် (Precious Gems And Jewellery)
- ၁၁း၁၀ သူတို့ဘဝသူတို့ဟာသ (ကိုပြုံးချို)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ မြန်မာ့တွင်းထွက်လက်မှုပညာ ကျောက်စိမ်းကမ္ဘာ
- ၁၂း၃၅ Activities In The City (၂၀၁၀ တရုတ်နိုင်ငံစက်မှု ထုတ် ကုန်စည်ပြပွဲ)
- ၁၂း၅၀ လူမှုစီးပွားမြင့်မားဖို့ ကျေးရွာစာကြည့်တိုက်အတွင်း စာဖတ်စို့
- ၁း၀၀ “လောသကတိဿရဟန်းအကြောင်းဥပမာပြခန္ဓာညဏ်ရောက်ဒိဋ္ဌိဖြုတ်”တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၁၀ Activities In The City [ကာတွန်းဆရာ(၂၂)ဦး၏ ကာတွန်းပြပွဲ]
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လောကဝက်ပါ” (အပိုင်း-၁၀၇)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အရိပ်စစ်” (အပိုင်း-၇၄)**
- ၅း၀၀ The Champion of Dance
- ၅း၃၀ Samitivej (Sirinakarin) Hospital သို့ အလည်တစ်ခေါက် (အပိုင်း-၂)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လောကဝက်ပါ” (အပိုင်း-၁၀၈)**
- ၇း၂၅ Fashion Music Festival (Part-5)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Wedding Season
- ၉း၁၀ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အရိပ်စစ်” (အပိုင်း-၇၅)**
- ၁၀း၁၅ ရှမ်းပြည်မြောက်ပိုင်း အလှမြင်ကွင်းပန်းချီကားတစ်ချပ်
- ၁၀း၃၀ VJ Choice
- ၁၁း၀၀ သူတို့ပြောတဲ့သူတို့အကြောင်း (ဟာသသရုပ်ဆောင်ငြိမ်းချမ်းနှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
- ၁၁း၂၅ ပန်းချီဆရာကြီးဦးလွန်းကြွယ်၏ သူ့ဘဝနဲ့သူ့လက်ရာ
- ၁၁း၅၀ World of Knowledge (Cave Rescue)
- ၁၂း၃၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ကျောက်ငါးသုတေသန သားဖောက်လုပ်ငန်း)
- ၁၂း၅၅ လင်းလက်တောက်ပမီးဆိုင်းအလှ
- ၁း၁၀ တေးဂီတအစီအစဉ်
- ၁း၂၀ ရွှေအလင်းအိမ်မှသည် ကားပိုင်ရှင်များဆီသို့
- ၁း၃၅ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ပုလဲ Milk Shake ပြုလုပ်နည်း)
- ၁း၄၅ ACT အေးချမ်းသာ ပရဟိတကျောင်း
- ၂း၁၅ Orchard Families အပိုင်း(၂)
- ၂း၄၀ အားကိုးအားထား (ဖိုးသောကြာ၊ မိုးဒီ၊ ဦးခိုင်တင်၊ ဒေါ်တင်တင်လှ) (ဒါရိုက်တာ-ကောင်းမြတ်)
- ၂း၅၅ သီးနှံစိုက်ပျိုးအထွက်တိုး “ပြည်ပဝင်ငွေရစေရာ ဆေးဖက်ဝင်သစ်ခွစိုက်ပါ”
- ၃း၀၅ ကဏ္ဍစုံလင်အားကစား အစီအစဉ်
- ၄း၀၅ ကလောဈေးနေ့
- ၄း၁၀ မောတို့မြေမှ အံ့ဖွယ်ထူးခြား လိုဏ်ဂူများ
- ၅း၀၀ အစီအစဉ်ပြီး။

အာဖဂန်နစ္စတန်စစ်မြေပြင်၌ လက်နက်ကိုင်အုပ်စု အရေအတွက်ပိုမိုများလာကြောင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ ပြောကြား

ကဘူး ဒီဇင်ဘာ ၁၆

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း တိုက်ခိုက်ရေးလှုပ်ရှားမှုများ ပြုလုပ်လျက်ရှိသော အာဖဂန်လက်နက်ကိုင်အုပ်စုအရေအတွက်သည် ပိုမိုတိုးမြင့်လာကြောင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့က ဗုဒ္ဓဟူးနေ့တွင် သတိပေးပြောကြားသည်။

စေ့စပ်ညှိနှိုင်းနိုင်

အထူးအခွင့်အရေးတစ်ရပ်အနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံ၏ ဒေသတိုင်းကို သွားရောက်ခွင့်ရှိခြင်းနှင့် တာလီဘန် သို့မဟုတ် အခြားစစ်သွေးကြွအုပ်စုများနှင့် စေ့စပ်ညှိနှိုင်းနိုင်စွမ်းရှိခြင်းကြောင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့သည် အာဖဂန်စစ်မြေပြင်၏ အန္တရာယ်အများဆုံးနေရာများ၌ပင် ၎င်း၏ဝတ္တရားများကို ထမ်းဆောင်နိုင်ခဲ့သည်။

သို့ရာတွင် အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း လက်နက်ကိုင်အုပ်စုငယ်များ ပိုမိုများပြားလာခြင်းကြောင့် လုပ်ငန်းတာဝန်ထမ်းဆောင်နိုင်ရန် စေ့စပ်ညှိနှိုင်းရေးအတွက် အခက်အခဲများရှိလာပြီဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့၏ အာဖဂန်ဌာနချုပ် အကြီးအကဲက ပြောကြားသည်။

အန္တရာယ်ကြီးမားလာ

ရံဖန်ရံခါ မိမိတို့အဖွဲ့အနေဖြင့် ဝန်ထမ်းများလုံခြုံရေး အာမခံချက်ရရှိရန် မည်သူနှင့် ပြောဆိုညှိနှိုင်းရမည်ကိုပင် မသိကြောင်း၊ လုံခြုံရေးအခြေအနေပြောင်းလဲလာသည်နှင့်အမျှ ကြက်ခြေနီဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာဒေသအတော်များများသည် အန္တရာယ်အလွန်ကြီးမားလာကြောင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ တာဝန်ရှိသူက ဆိုသည်။ **အေပီ။**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ မဟတ္တမဂန္ဓီ အောက်မေ့ဖွယ်ခန်းမ၌ တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်ကို ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီးနောက် ဒီဇင်ဘာ ၁၆ ရက်က တွေ့ရစဉ်။

တရုတ်နှင့်အိန္ဒိယ ဆက်ဆံရေးကောင်းမွန်မှု အာရှနှင့် ကမ္ဘာငြိမ်းချမ်းရေးအတွက် ထောက်ကူ

နယူးဒေလီ ဒီဇင်ဘာ ၁၆ - တရုတ်နှင့်အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်မှုသည် မိမိတို့၏ပြည်သူများ အကျိုးကျေးဇူးများ ရရှိနိုင်မည့်အပြင် အာရှနှင့်ကမ္ဘာ့နိုင်ငံများ၌ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ဒီဇင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ရောက်ရှိနေသော တရုတ်ဝန်ကြီးချုပ်အား ဝန်ကြီးချုပ် မန်မိုဟန်ဆင်း တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် ဝမ်ကြားပေါင်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

မကြာသေးမီနှစ်များမှစ၍ တရုတ်နှင့်အိန္ဒိယနိုင်ငံတို့၏ ဆက်ဆံရေးအခြေအနေ တိုးတက်ကောင်းမွန်လာသည်ကို တွေ့မြင်ခဲ့ကြရကြောင်း ဝန်ကြီးချုပ်ဝမ်ကြားပေါင်က ပြောကြားသည်။ တရုတ်ဝန်ကြီးချုပ်သည် ညစာစားပွဲအခမ်းအနားသို့ မတက်ရောက်မီ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ဖိုရမ်ဆွေးနွေးပွဲ၌လည်း မိန့်ခွန်းပြောကြားခဲ့သည်။

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် ပြိုင်ဘက်နိုင်ငံများ မဟုတ်ကြဘဲ စီးပွားရေးအရ မိတ်ဖက်နိုင်ငံများသာလျှင် ဖြစ်ကြကြောင်း၊ နှစ်နိုင်ငံကုန်သွယ်ရေး ဆက်ဆံမှုမြှင့်တင်နိုင်ရန် မိမိတို့ကြိုးပမ်းအားထုတ်သင့်ကြောင်း၊ ကိုယ်ကျိုးစီးပွား ကာကွယ်ရေးမူဝါဒကို တိုက်ဖျက်ကြမည်ဖြစ်ကြောင်း ဝမ်ကြားပေါင်က ပြောကြားသည်။

ဝန်ကြီးချုပ် ဝမ်ကြားပေါင်သည် ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက နယူးဒေလီရှိ တဂိုး နိုင်ငံတကာကျောင်းသို့ ရောက်ရှိခဲ့သည်။

အိန္ဒိယနိုင်ငံရှိ အလယ်တန်းကျောင်းများတွင် လာမည့်နှစ်မှစ၍ တရုတ်ဘာသာစကားကို သင်ကြားပေးရန် စီစဉ်ထားခြင်းအတွက် မိမိဝမ်းမြောက်မိကြောင်း ဝမ်ကြားပေါင်က ပြောကြားသည်။ **အင်တာနက်။**

သွေးကင်ဆာရောဂါအတွက် သွေးအစားထိုး ကုသခဲ့သောလူနာ ခုခံအားကျဆင်းမှုရောဂါပါ ပျောက်ကင်းခဲ့ဖွယ်ရှိ

ဘာလင် ဒီဇင်ဘာ ၁၆

ဂျာမနီနိုင်ငံ ဘာလင်မြို့နေ အမေရိကန်နိုင်ငံသားတစ်ဦးသည် သွေးကင်ဆာရောဂါ ခံစားနေရခြင်းကြောင့် သွေးအစားထိုးကုသမှု ခံယူပြီးနောက် ၎င်းတွင်ရှိသော ခုခံအားကျဆင်းမှုရောဂါ (အေအိုင်ဒီအက်စ်)မှာ မမျှော်လင့်ဘဲ ပျောက်ကင်းသွားပုံရကြောင်း ဒီဇင်ဘာ ၁၄ ရက် သတင်းများတွင် ဖော်ပြသည်။

သို့ရာတွင် ခုခံအားကျဆင်းမှုရောဂါသည်များအတွက် သွေးအစားထိုးကုသမှုကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရန်မှာ လက်တွေ့မကျကြောင်း ဆေးပညာရှင်များက ပြောကြားသည်။

အသက် ၄၀ အရွယ် အမေရိကန်နိုင်ငံသားသည် ၎င်းခံစားနေရသော သွေးကင်ဆာကိုကုသရန် သွေးပင်မကလာပ်စည်း အစားထိုးမှုကို ၂၀၀၇ ခုနှစ်တွင် လုပ်ဆောင်ခဲ့သည်။ သွေးလှူရှင်၏သွေးမှာ ၎င်းနှင့် သင့်လျော်ရုံမျှမက အိတ်ချ်အိုင်ဗွီရောဂါပိုးကို သဘာဝအလျောက် ခုခံနိုင်ရန်အတွက် နေရာသစ်၌ အလိုက်သင့်ပြောင်းလဲနိုင်စွမ်းရှိသော မျိုးဗီဇများလည်း ပါဝင်သည်ဟု ဆိုသည်။

နောက်သုံးနှစ်အကြာတွင် သွေးအစားထိုးကုသခံခဲ့သူ အမေရိကန်နိုင်ငံသား၌ သွေးကင်ဆာရောဂါလက္ခဏာရော အိတ်ချ်အိုင်ဗွီပိုးရှိနေသည့် လက္ခဏာကိုပါ မတွေ့ရတော့ကြောင်း ဆေးပညာဂျာနယ်တစ်စောင်တွင် ဖော်ပြထားသည်။

သွေးသွင်းကုသမှုကြောင့် လူနာတစ်ဦး၌ အိတ်ချ်အိုင်ဗွီရောဂါပိုး ကင်းစင်သွားသည်မှာ စိတ်ဝင်စားဖွယ်အလွန်ကောင်းကြောင်း၊ သို့ရာတွင် အေအိုင်ဒီအက်စ်ဝေဒနာရှင်တစ်ဦးအတွက် သင့်လျော်သည့်သွေးလှူရှင်ရခဲ့လျှင်သော်မှ ယင်းကုထုံးကိုစံမီကုထုံးတစ်ရပ်အဖြစ် သုံးစွဲရန်မဖြစ်နိုင်သေးကြောင်း ဗြိတိန်နိုင်ငံ အလာဘားမားတက္ကသိုလ်မှ ဒေါက်တာမိုက်ကယ်ဆက်ဂ်က ပြောကြားသည်။

ရိုးတွင်းချဉ်ဆီအစားထိုးကုထုံးနှင့် သွေးပင်မကလာပ်စည်း အစားထိုးကုထုံးများကို ကင်ဆာရောဂါများ ကုသရာတွင် အသုံးပြုသည်။ ယင်း ဆဲလ်အစားထိုးကုထုံးများသည် လူတစ်ဦး၏ ရှိရင်းစွဲခုခံအားစနစ် ကို အာနိသင်ပြင်းထန်သော ဆေးဝါးများနှင့် ဓာတ်ရောင်ခြည်ပေးခြင်းများဖြင့် ဖျက်ဆီးကာ ခုခံအားစနစ်သစ် ဖွံ့ဖြိုးရေးအတွက် အလှူရှင်၏ ဆဲလ်များကို အစားထိုး ထည့်သွင်းရသည့် ကုထုံးများဖြစ်သည်။ **အေပီ။**

ပါလက်စတိုင်းနိုင်ငံ၏ နယ်နိမိတ်သတ်မှတ်ချက် မတိကျလျှင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အာရပ်ကမ္ဘာဆန့်ကျင်မည်

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ အာရပ်အဖွဲ့ချုပ် အဆောက်အအုံ၌ ကျင်းပသော အာရပ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး။

ကိုင်ရို ဒီဇင်ဘာ ၁၆ - အနာဂတ် ပါလက်စတိုင်းနိုင်ငံတော်သစ်၏ နယ်နိမိတ်အပိုင်းအခြား သတ်မှတ်ရေးတွင် အမေရိကန်ပြည်ထောင်စု၏ ရပ်တည်ချက်မခိုင်မာပါက အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား မည်သည့်ဆွေးနွေးပွဲကိုမဆို ဆန့်ကျင်ကြောင်း အာရပ်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက ဒီဇင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

နိုင်ငံတစ်ခုဖွဲ့စည်းတည်ထောင်ရာတွင် ပါလက်စတိုင်းတို့က ထည့်သွင်းထားလိုသည့် ဒေသများ၌ ဂျူးအခြေစိုက်အိမ်ရာများ တည်ဆောက်မှုရပ်ဆိုင်းရန် ကြိုးစားမှုပျက်ပြယ်ခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စု၏ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများ အကြီးအကျယ် ထိခိုက်ခဲ့ရသည်။

အခြေစိုက်အိမ်ရာ တည်ဆောက်မှုရပ်တန့်ရေး ကြိုးပမ်းရာ၌ မအောင်မြင်ခဲ့ခြင်းကြောင့် အဓိကပြဿနာတစ်ရပ်ဖြစ်သော အနာဂတ်ပါလက်စတိုင်းနိုင်ငံ၏ နယ်နိမိတ်အပိုင်းအခြားသတ်မှတ်ရာတွင် အမေရိကန်နိုင်ငံအနေဖြင့် အစ္စရေးကို ဖိအားပေးနိုင်လိမ့်မည်ဆိုသည့် အချက်ကို အာရပ်တို့အနေဖြင့် သံသယဖြစ်မိကြောင်း ကာတာနိုင်ငံခြားရေးဝန်ကြီးက ထုတ်ဖော်ပြောကြားသည်။

အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ၏ အခြေခံစည်းအဖြစ် ၁၉၆၇ ခုနှစ် နယ်နိမိတ် သတ်မှတ်ချက်ကို ပါလက်စတိုင်းနိုင်ငံ၏ အဝန်းအဝိုင်းအဖြစ် အမေရိကန် ပြည်ထောင်စုက ကြေညာပေးရန် အာရပ်နိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးပွဲ၏ ဆုံးဖြတ်ချက်မူကြမ်းတွင် တောင်းဆိုထားသည်။ **အေပီ။**

၂၀၁၁ခုနှစ် နှစ်လယ်၌ စစ်မှုမထမ်းမနေရစနစ် ဂျာမနီနိုင်ငံရပ်စဲမည်

ဘာလင် ဒီဇင်ဘာ ၁၆ - **နှစ်ပေါင်း ၅၀ကျော်ကာလအတွင်း အကြီးမားဆုံး စစ်ဘက်ဆိုင်ရာ အပြောင်းအလဲအဖြစ် ဂျာမနီနိုင်ငံသည် လာမည့်နှစ်နွေရာသီတွင် စစ်မှုမထမ်းမနေရစနစ်ကို အဆုံးသတ်ရန် ပြင်ဆင်နေကြောင်း ဒီဇင်ဘာ ၁၅ရက် သတင်းများတွင် ဖော်ပြသည်။**

ဂျာမနီစစ်ဘက်တွင် စစ်မှုမထမ်းမနေရစနစ်အရ တာဝန်ထမ်းဆောင်နေသူများအပါအဝင် တပ်ဖွဲ့ဝင် ၂၅၀၀၀၀ ကျော်ရှိရာ စစ်မှုအထမ်းမနေရစနစ် ဖျက်သိမ်းပြီးနောက် တပ်ဖွဲ့ဝင်အင်အား ၁၈၅၀၀၀ ပါဝင်မည့် တပ်ဖွဲ့အဖြစ် ပြင်ဆင်ဖွဲ့စည်းမည်ဖြစ်သည်။

ဘဏ္ဍာရေးအရ ချွေတာနိုင်ရန်နှင့် စစ်အေးတိုက်ပွဲအလွန်ကာလ ခြိမ်းခြောက်မှုများကို အကောင်းဆုံးရင်ဆိုင်နိုင်ရန်အတွက် စစ်ဘက်ဆိုင်ရာအပြောင်းအလဲပြုလုပ်ရေးစီမံချက်ကို ဂျာမန်အဓိပတိ အင်ဂျလာမာကယ်လ်က ဒီဇင်ဘာ ၁၅ ရက်တွင် သဘောတူလက်ခံခဲ့ကြောင်း သတင်းများတွင်ဖော်ပြထားသည်။

ဒုတိယကမ္ဘာစစ်အတွင်း စစ်ရှုံးခဲ့ရခြင်းကြောင့် လက်နက်ဖျက်သိမ်းခံခဲ့ရသော ဂျာမန်တပ်မတော်ကို ၁၉၅၅ခုနှစ် နောက်ပိုင်းတွင် ပြန်လည်ဖွဲ့စည်းခဲ့ပြီးနောက် ယခုစီစဉ်လျက်ရှိသော စစ်ဘက်ဆိုင်ရာအပြောင်းအလဲပြုလုပ်ရေးသည် ဂျာမနီနိုင်ငံအတွက် အထင်ကရအရှိဆုံး ဖြစ်စဉ်တစ်ရပ်ဖြစ်သည်။

ဂျာမနီအစိုးရ၏ အစီအစဉ်အရ စစ်မှုမထမ်းမနေရစနစ်ကို လာမည့်နှစ် ဇူလိုင်လတွင် ဖျက်သိမ်းမည်ဖြစ်သည်။ သို့ရာတွင် အမျိုးသားလုံခြုံရေးအရ အရေးပေါ်ကိစ္စများ ပေါ်ပေါက်လာပါက စစ်မှုမထမ်းမနေရဥပဒေကို ပြန်လည် ကျင့်သုံးခွင့်ရှိမည်ဖြစ်သည်။ **အင်တာနက်။**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ စစ်မှုတာဝန်ထမ်းဆောင်နေသော ဂျာမန်ဖက်ဒရယ် လက်နက်ကိုင်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦး။

ရုရှားရေနံလုပ်ငန်းရှင်သူဌေးကြီးအား ပြစ်ဒဏ်စီရင်ချက်ချမှတ်မှုရွှေ့ဆိုင်း

မော်စကို ဒီဇင်ဘာ ၁၆ - ရုရှားရေနံလုပ်ငန်းရှင်သူဌေးကြီး မီခေးလ်ခိုဒေါ့ကိုစကီးအား ပြစ်ဒဏ်စီရင်ချက်ချမှတ်ခြင်းကို ကနဦးအနေဖြင့် ဒီဇင်ဘာ ၁၅ ရက်အဖြစ် သတ်မှတ်ခဲ့ရာမှ ဒီဇင်ဘာ ၂၇ ရက်အထိ ရွှေ့ဆိုင်းလိုက်ကြောင်း အင်တာဖက်စ် သတင်းဌာနက ထုတ်ပြန်သည်။

ခိုဒေါ့ကိုစကီးအား ပြစ်ဒဏ်စီရင်ချက်ချမှတ်မှုကို ဆိုင်းငံ့ခဲ့ရခြင်းနှင့် ပတ်သက်၍ မော်စကိုတရားရုံးက ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ခိုဒေါ့ကိုစကီးသည် ဖျက်သိမ်းလိုက်ရပြီဖြစ်သော ယူကော့စ်ရေနံကုမ္ပဏီ၏ အကြီးအကဲဟောင်းဖြစ်ပြီး တစ်ချိန်တစ်ခါက ရုရှားနိုင်ငံတွင် အကြွယ်ဝဆုံးပုဂ္ဂိုလ်အဖြစ် ထင်ရှားခဲ့သည်။ ဝန်ကြီးချုပ် ဗလာဒီမာပူတင်အား အပြင်းအထန်ဝေဖန်လေ့ရှိခဲ့သူ ခိုဒေါ့ကိုစကီးသည် ရေနံ ၂၁၈တန် ခိုးယူခဲ့သည်ဟု စွပ်စွဲခံထားရသည်။

ခိုဒေါ့ကိုစကီးသည် အခွန်ရှောင်တိမ်းမှုစွဲချက်အရ ထောင်ဒဏ်ရှစ်နှစ် ကျခံနေရဆဲဖြစ်သည်။ **အင်တာနက်။**

ဆားလင်းကြီးမြို့နယ် နီပါးတန်းကျေးရွာ စာရိတ္တပျိုးခင်းစာကြည့်တိုက်ဖွင့် ဝန်ကြီး ဦးကျော်ဆန်း စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နေပြည်တော် ဒီဇင်ဘာ ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ဒီဇင်ဘာ ၁၃ ရက် နံနက် ၈ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ပန်းထူးကျေးရွာအုပ်စု နီပါးတန်းကျေးရွာ စာရိတ္တပျိုးခင်းစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆားလင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဟန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးကျော်လင်းနှင့် ရပ်မိရပ်ဖ ဦးသန်းထွန်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးက စာရိတ္တပျိုးခင်း စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်း စာအုပ် စာစောင်များ ထိန်းသိမ်းထားရှိမှု အခြေအနေနှင့် စာပေဖတ်ရှုလေ့လာနေကြသည့် ကျေးလက်ပြည်သူများကို အားပေးစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်လာကြသည့် နီပါးတန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၆ ရွာမှ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း စာရိတ္တပျိုးခင်းစာကြည့်တိုက်အတွင်း စာပေဖတ်ရှုလေ့လာနေကြသည့် ကျေးလက်ပြည်သူများကို အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပညာရေး၊ စိုက်ပျိုးရေးရရှိရေး၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ရေးကိစ္စရပ်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ လာရောက်စာပေဖတ်ရှုလေ့လာ၍ ပညာဗဟုသုတများ ဆည်းပူးဖြည့်ဆည်းကြရန်၊ စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မာဖွံ့ဖြိုးရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် နီပါးတန်း၊ ပန်းထူး၊ ကံကြီးတော၊ ရေမိန်၊ ရေဝင်တော၊ ကျွဲခိုတော ကျေးရွာစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဆားလင်းကြီးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးက နီပါးတန်းကျေးရွာ စာရိတ္တပျိုးခင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ် စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်မှူးက လက်ခံသည်။

ထို့နောက် ဝန်ကြီးသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။ (သတင်းစဉ်)

ဆားလင်းကြီးမြို့နယ် နီပါးတန်းကျေးရွာ စာရိတ္တပျိုးခင်းစာကြည့်တိုက်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အိုမန်နိုင်ငံတို့ အကြား သံတမန်အဆက်အသွယ်ပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အိုမန်နိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူကြီးများ၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် သံတမန်ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ကောင်စစ်ဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ထူထောင်လိုသည့် ဆန္ဒရှိကြသည့်အားလျော်စွာ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ်ပြုလုပ်လိုက်သည်။

ယင်းကဲ့သို့ နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ပြုလုပ်ရန် သဘောတူညီချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဆိုင်ရာ အိုမန်အမြဲတမ်းကိုယ်စားလှယ်တို့သည် ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှု တိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အိုမန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ၁၀၂ နိုင်ငံမြောက် သံတမန်အဆက်အသွယ် ထူထောင်သည့်နိုင်ငံဖြစ်သည်။ (သတင်းစဉ်)

မစ္စတာဗယ်လာရတီ၊ အီး၊ ဆာဒိုဟိုအား ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဒီဇင်ဘာ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာဗယ်လာရတီ၊ အီး၊ ဆာဒိုဟိုအား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာဗယ်လာရတီ၊ အီး၊ ဆာဒိုဟိုသည် ၁၉၅၀ခုနှစ် ဩဂုတ်လ ၁၆ ရက်တွင် မွေးဖွားခဲ့ပြီး ဘယ်လာရုစ်နည်းပညာတက္ကသိုလ်နှင့် ယခင် ဆိုဗီယက်ပြည်ထောင်စုနိုင်ငံ ဆောက်လုပ်ရေးဗိသုကာနှင့် အိုးအိမ်မူဝါဒကော်မတီအောက်ရှိ ကွန်ကရစ်နှင့် အားဖြည့်ကွန်ကရစ်ဆိုင်ရာ သုတေသနတက္ကသိုလ်မှ ဘွဲ့များရရှိခဲ့သည်။ ၎င်းသည် ၁၉၇၉ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ ဘယ်လာရုစ်နိုင်ငံရှိ သုတေသနတက္ကသိုလ်များ၌ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၁၉၉၁ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ နိုင်ငံခြားစီးပွားဆက်သွယ်ရေးကော်မတီနှင့် ပိုလန်နိုင်ငံရှိ ဘယ်လာရုစ်သံရုံးတို့၌ ရာထူးအမျိုးမျိုးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဆိုင်ရာ ဒုတိယဝန်ကြီးအဖြစ် ၁၉၉၇ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိလည်းကောင်း၊ ဒုတိယနိုင်ငံခြားရေးဝန်ကြီးအဖြစ် ၁၉၉၈ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိလည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၂၀၀၀ပြည့်နှစ်မှ ၂၀၀၉ခုနှစ်အထိ ဗြိတိန်နိုင်ငံနှင့် ရုရှားနိုင်ငံတို့ရှိ ဘယ်လာရုစ်သံရုံးများ၌ ရာထူးတာဝန်အမျိုးမျိုးဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၉ ခုနှစ်မှ ယနေ့အထိ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာဗယ်လာရတီ၊ အီး၊ ဆာဒိုဟိုသည် ဟန္ဒိုင်းမြို့၌ ရုံးစိုက်နေထိုင်လျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီးနှစ်ယောက်ရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၇-၁၂-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး-မောင်မောင်လတ်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ “သက်ရှည်ကျန်းမာလေ့ကျင့်ပါ”
- ၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၂၅ ၈။ “ကုသမနေ့းတီဘီဘေး”
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၄း၃၀ ၄။ နှောင်းခေတ်တေးပဒေသာ
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅း၁၅ ၈။ တေးဂီတအစီအစဉ်
- ၅း၃၀ ၉။ **“ရိုးသားဖြူစင်ကလေးတို့အသွင်”**
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ရသစုံလင်အင်တာနက်ဥယျာဉ်
- ၆း၅၀ ၁၃။ နေပြည်တော်ရေပူစမ်း အပန်းဖြေစခန်း
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ကာရန်မဲ့. . . ရင်ခုန်သံ” (အပိုင်း-၁၉)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ “လျှပ်တစ်ပြက်ဟာသများ”
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “စိတ်ကူးနဲ့ ကြမ္မာ”(အပိုင်း-၁၁)**
- ၂၀။ သီချင်းချစ်သူ(အယ်လ်ဆိုင်းဇီ)
- ၂၁။ အစီအစဉ်ပြီး၏။

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏ အသင်းတိုက်ဆောက်လုပ်ရန်အတွက် အမှတ်(ဒီ/၅၂၃) (၅)လွှာ သီရိကွန်ဒို ၉ မိုင် မရမ်းကုန်းမြို့နယ်နေ ဦးသူရိန်ညွန့်- ဒေါ်ခင်ခင်သိန်း မိသားစုက သမီး မမြတ်နိုးခြိမ့် (ခ) မလှမြတ်သူရိန် (ခ)ငယ်ငယ် တစ်နှစ်ပြည့်အားရည်စူး၍ အလှူငွေကျပ်တစ်သိန်းကို လှူဒါန်းရာ နာယက ဦးစံတင်၊ ဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်သာထွန်းတို့ လက်ခံရယူစဉ်။ (ကြေးမုံ)

ရေးမြို့ မြတ်ဆရာပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၁၆

မွန်ပြည်နယ် ရေးမြို့ အခြေခံပညာကျောင်းများ၌ ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၂)နှစ် အထက် ဆရာကြီး၊ ဆရာမကြီးများအား အဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၆ရက် (တနင်္ဂနွေနေ့) တွင် ရေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဦးဝင်းတင် - ဒေါ်ညိုညိုခင် ဖုန်း-၀၉-၈၀၃၃၂၁၂၊ ဒေါ်ဖြူဖြူခင် ဖုန်း-၀၁-၅၄၆၅၂၅၊ ဦးသက်ဦး - ဒေါ်နီနီခိုင် ဖုန်း-၀၉-၅၀၈၂၈၆၆၊ ဦးတင့်လွင် ဖုန်း-၀၉-၅၀၁၉၁၂၇၊ ဦးသောင်းထိုက် ဖုန်း-၀၉-၅၃၂၂၇၀၂၊ ဒေါ်ခင်အေးမူ ဖုန်း-၀၅၇-၅၀၀၃၃၊ ဦးမျိုးကြွယ် ဖုန်း-၀၉-၈၇၂၇၃၉၉၊ ဦးကျော်မိုးအေး ဖုန်း-၀၉-၇၈၂၇၄၆၂၊ ဒေါ်ညိုညိုစိမ့် ဖုန်း-၀၉-၄၉၂၁၆၉၈၅ နှင့် ဦးကျော်မင်းထွန်း ဖုန်း-၀၉-၈၆၂၈၆၁၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အထက(၁) မြောက်ဥက္ကလာ အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး အထက(၁) မြောက်ဥက္ကလာ ကျောင်းသားဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီတွင် မြတ်ခရေခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတရေ ဦးအောင်ကြည်မြင့် ဖုန်း-၀၉-၅၁၉၇၇၇၇၊ ၂၅၂၇၇၇၊ ဦးအေးကို၊ ဦးချိုအေး (ACA) ဖုန်း-၀၉-၈၀၂၀၄၀၀၊ ၆၉၁၁၂၃၊ ဦးစိုးသန်း ဖုန်း-၇၃၀၆၃၃၅၀၊ ၅၅၈၆၉၈၊ ကိုဌေးဦး ဖုန်း-၀၉-၅၃၀၀၉၅၃၊ ကိုအောင်မြင့်ကြည် ဖုန်း-၀၉-၅၁၅၇၈၆၁ နှင့် ဒေါ်ဆောင်းသီတာ (သက်လုံအထူးကုဆေးခန်း) ဖုန်း-၀၉-၅၀၀၄၃၁၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ မအူပင်-တွံတေး-လှိုင်သာယာဖြတ်လမ်း ရန်ကုန်တိုင်းဒေသကြီး လမ်းပိုင်းဖောက်လုပ်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန် တောင်ပိုင်းခရိုင်ရှိ မအူပင်-တွံတေး- လှိုင်သာယာဖြတ်လမ်း ရန်ကုန်တိုင်းဒေသကြီးလမ်းပိုင်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက တွံတေး-မြဂိုးလမ်းပိုင်း ဖောက်လုပ်ထားရှိမှုနှင့် လမ်းပိုင်းပေါ်၌ တံတားများ တည်ဆောက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်တင်ငွေက လိုအပ်သည်များကို ညှိနှိုင်းမှာကြားသည်။ ထို့နောက် ဗိုလ်ချုပ်တင်ငွေနှင့် အဖွဲ့ဝင်များသည် လမ်း၊ တံတားများ တည်ဆောက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြဂိုးကျေးရွာရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မြဂိုးကျေးရွာမှ ခတ္တိယတံတားအထိ လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အင်ဂျင်နီယာမှူးကြီးက ရှင်းလင်းတင်ပြ၍ ဗိုလ်ချုပ်တင်ငွေက လမ်းပိုင်းကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်တင်ငွေနှင့် အဖွဲ့ဝင်များသည် တွံတေးမြို့နယ် ပသီကျေးရွာအုပ်စု ကွဲလမ်းကျေးရွာရှိ ငါးမွေးမြူရေးကန်သို့ ရောက်ရှိကြပြီး ငါးများဖမ်းယူနေမှုများကို ကြည့်ရှုကြကာ တာဝန်ရှိသူတစ်ဦးက တွံတေးမြို့၏ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်တင်ငွေက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ မအူပင်-တွံတေး-လှိုင်သာယာ ဖြတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

လယ်ယာထွက်ကုန်သီးနှံများ၏ ရိတ်သိမ်းချိန်လွန် ကိုင်တွယ်ထိန်းသိမ်းမှုနှင့် အစားအစာများ ကျန်းမာသန့်ရှင်း ဘေးကင်းလုံခြုံ စိတ်ချရမှုဆိုင်ရာ သင်တန်းဖွင့်ပွဲ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်း အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

သက်ကြီးဂီတပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲ ကျင်းပရေး အလှူငွေပေးအပ်ပွဲ ကျင်းပမည့်ရက် ပြောင်းလဲသတ်မှတ်

ရန်ကုန် ဒီဇင်ဘာ ၁၆

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ ဒုတိယအကြိမ် အသက် (၈၀)နှင့် အထက် သက်ကြီးဂီတပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲ ကျင်းပနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် (အင်္ဂါနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို (အေ)ခန်းမ၌ ကျင်းပရန် စီစဉ်ထားရာ ယင်းနေ့အစား ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် အဆိုပါခန်းမ၌ ကျင်းပမည်ဟု ပြောင်းလဲသတ်မှတ်လိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ-အစ္စရေးပူးပေါင်း၍ ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်း ဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၁၆

မြန်မာ-အစ္စရေးပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အစ္စရေးနိုင်ငံ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ဗဟိုဌာန (MASHAV)တို့ ပူးပေါင်း၍ လယ်ယာထွက်ကုန်သီးနှံများ၏ ရိတ်သိမ်းချိန်လွန် ကိုင်တွယ်ထိန်းသိမ်းမှုနှင့် အစားအစာများ ကျန်းမာသန့်ရှင်းဘေးကင်းလုံခြုံစိတ်ချရမှုဆိုင်ရာ သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ရိတ်သိမ်းချိန်လွန်နည်းပညာ အသုံးချဌာန (၁)၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Yaron Mayer နှင့် ကျွမ်းကျင်ပညာရှင်များ၊ မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူး၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းမှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးအောင်ထွန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Yaron Mayer တို့က အမှာစကားပြောကြားကြသည်။

အဆိုပါသင်တန်းသို့ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးမှ မန်နေဂျာများ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်သူများအသင်းမှ အသင်းဝင်များ စုစုပေါင်း ၃၃ ဦး တက်ရောက်ကြပြီး သင်တန်းတွင် အစ္စရေးနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့် မြန်မာပညာရှင်များပူးပေါင်း၍ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးသွားမည် ဖြစ်ကာ သင်တန်းကာလမှာ ငါးရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အထက(၁) ရန်ကင်း (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

အထက(၁) ရန်ကင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ၁၉၆၂-၁၉၈၂ ခုနှစ်အတွင်း ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး ယနေ့တိုင် သက်ရှိထင်ရှားရှိလျက် သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက(၁) ရန်ကင်း သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စာသင်နှစ် ကန့်သတ်ချက်မရှိဘဲ ကျောင်းတော်ကြီးတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး အလှူငွေနှင့် လှူဖွယ်ပစ္စည်း များ လှူဒါန်းလိုပါက ဦးဇေယျကို (ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၆၇၅၅၆၊ ဗိုလ်ကြီးတင် မောင်အေး (ငြိမ်း) ဖုန်း-၀၉-၅၂၀၀၂၀၀၊ ဦးကျော်နိုင်ဝင်း ဖုန်း-၀၁-၇၃၀၃၇၉၆၃၊ ဦးစိုးမြင့် ဖုန်း-၀၉-၅၀၆၃၈၈၉၊ ဦးခင်မောင်လှိုင်(ဘဏ္ဍာရေးမှူး) ဖုန်း-၀၁-၇၃၀၄၁၆၄၉၊ ဒေါ်ခင်မြတ်သက် ဖုန်း-၀၉-၈၆၃၀၀၃၃၊ ကျောင်းအုပ်ကြီး (အထက(၁) ရန်ကင်) ဖုန်း-၀၁-၅၅၇၅၀၆ တို့သို့ ဆက်သွယ်စုံစမ်း ပါဝင်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဘူမိဗေဒဘွဲ့ရ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

၁၉၈၀ ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ဘူမိဗေဒ ကျောင်းသားဟောင်းများ၏ ပုလဲရတု အာစရိယပူဇော်ပွဲကို နှစ်စဉ်ကျင်းပမြဲအတိုင်း ဒီဇင်ဘာ ၁၈ ရက် (စနေနေ့)နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သဖြင့် မပျက်မကွက်တက် ရောက်ကြပါရန်နှင့် ဉာဏ်လွင် ဖုန်း-၀၉-၅၁၈၇၀၃၀၊ ခင်မောင်သန်း ဖုန်း-၀၉-၅၀၄၄၄၆၉၊ ထင်လင်း ဖုန်း-၀၁-၅၃၈၅၆၇၊ မောင်ညွန့် ဖုန်း-၀၁-၇၂၅၇၃၆၊ မျိုးလွင် ဖုန်း-၀၉-၈၀၂၂၉၈၆၊ ထွန်းလှိုင် ဖုန်း-၀၉-၅၀၁၀၉၉၅၊ စိုးမြင့် ဖုန်း-၀၉-၅၀၁၇၁၄၃၊ ဝင်းအောင် ဖုန်း-၀၉-၅၀၂၆၄၈၁၊ မောင်ဝင်း ဖုန်း-၀၁-၅၆၀၂၃၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

စုပေါင်း သွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် ဒသမအကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၉ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် စေတီတော်ရင်ပြင်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပမည်ဖြစ်ရာ သွေးလှူဒါန်းမှု အချက်များနှင့် ကိုက်ညီသည့် စေတနာရှင်၊ သွေးလှူရှင်မည်သူမဆို လာရောက် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အထက(၃) အင်းစိန် (အောင်ဆန်း) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

အထက(၃)အင်းစိန် ယခင်အောင်ဆန်းကျောင်းတွင် ၁၉၅၃ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ တာဝန်ထမ်းဆောင်ပြီး အသက်(၆၀)ပြည့် အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား အဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးသောင်းဌေး ဖုန်း-၆၄၅၅၀၃၊ ဦးဆန်းအောင် ဖုန်း-၆၄၅၅၈၈၊ ဒေါ်ခင်မြဦး ဖုန်း-၆၄၆၁၂၆၊ ဒေါ်သန်းသန်းအေး (ဝါဝါထွန်းဝေ ရွှေဆိုင်) ဖော့ကန် ဖုန်း-၆၄၃၁၁၆၊ ၀၉၅၀၁၄၅၇၉၊ ဦးအောင်သွေး ဖုန်း-၆၄၂၇၉၅၊ ဦးစိုးလေး ဖုန်း-၆၆၂၀၉၁၊ ဦးစိုးမြင့် ဖုန်း-၇၀၀၃၆၈၊ ဒေါ်ဌေးဌေးဝင်း ဖုန်း-၀၉၅၀၆၇၅၅၄၊ ဒေါ်အေးအေးမော် ဖုန်း-၀၉၅၄၀၆၄၁၈၊ ဒေါ်ဆွေလေးမြင့်(ထ-၃) အင်းစိန် ဖုန်း-၆၄၀၄၅၂နှင့် ဒေါ်ရွှေစင်(လ-၃) မရမ်းကုန်း ဖုန်း-၆၆၂၀၂၉ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၂၇)

ဆားလင်းကြီး အထက အာစရိယပူဇော်ပွဲကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၁၆

ဆားလင်းကြီး အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း ပန်းမြတ်သဇင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးနေဝင်း ဖုန်း-၀၇၁-၇၀၃၂၂၊ ဦးကျော်ဝင်း ဖုန်း-၀၇၁-၇၀၁၇၇၊ ဦးအောင်ဇော်ဦး ဖုန်း-၀၇၁-၇၀၆၆၆၊ ၀၉-၄၇၀၅၀၈၁၁၊ ဦးဗိုလ်သောင်း ဖုန်း-၀၇၁-၇၀၄၄၄နှင့် ဦးတင်ဆောင်း ဖုန်း-၀၇၁-၇၀၄၇၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မိုးဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းလင်းတို့ ရှင်းလင်းတင်ပြစဉ်။
(ကြေးမုံ)

မော်လမြိုင်မြို့၌ မီးလောင်ကျွမ်းမှုဖြစ်ပွား

နေပြည်တော် ဒီဇင်ဘာ ၁၆

မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်တန်းရပ် ဒေါင်းမင်းရပ်(ယ) လမ်းရှိ ဒေါ်မိငယ်၏ နေအိမ်အပေါ်ထပ်၌ ဒီဇင်ဘာ ၁၅ ရက် နံနက် ၁ နာရီ မိနစ် ၄၀ ခန့်တွင် လျှပ်စစ်ဝါယာရှော့မှ မီးကူးစက်လောင်ကျွမ်းခဲ့ပြီး ဘေးအိမ်အပေါ်ထပ် ခေါင်မိုးသို့ မီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် ဒေါ်မိငယ်၏ နေအိမ်တစ်လုံးနှင့် ဘေးအိမ်ခေါင်မိုးတို့ မီးလောင်ဆုံးရှုံးသွားခဲ့ကြောင်း သိရှိရသည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ် ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက မီးသတ်ယာဉ် ၁၀ စီးဖြင့် ရောက်ရှိပြီး ဝိုင်းဝန်းငြိမ်းသတ်ခဲ့မှုကြောင့် နံနက် ၂ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ မော်လမြိုင် မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

(သတင်းစဉ်)

မီးသတိပြု

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့် နေပြည်တော် ဝန်ထမ်းအိမ်ရာများမှ တိုက်အလိုက်နှင့် တစ်ဦးချင်း အကောင်းဆုံး စိုက်ပျိုးဆုရရှိသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနား တွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဝန်ထမ်းအိမ်ရာများမှ တိုက်အလိုက်နှင့် တစ်ဦးချင်းအကောင်းဆုံး စိုက်ပျိုးဆုရရှိသူများအား ဆုချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁၆

၂၀၁၀ ခုနှစ်အတွက် နေပြည်တော် ဝန်ထမ်းအိမ်ရာများ၌ စိုက်ပျိုးထားရှိသော သီးပင်စားပင်များအား စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေး၍ တိုက်အလိုက်အကောင်းဆုံး စိုက်ပျိုးဆုနှင့် တစ်ဦးချင်းအကောင်းဆုံး စိုက်ပျိုးဆုရရှိသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၊ ဝန်ထမ်းအိမ်ရာစိုက်ပျိုးရေးလုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ ရုံးအဖွဲ့မှူးများ၊ ရပ်ကွက်အလိုက် တိုက်တာဝန်ခံများ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ထမ်းအိမ်ရာများတွင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု စစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်က အမှာစကားပြောကြားရာတွင် နေပြည်တော်ကို သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်းစိုပြည်သော Green City မြို့တော်အဖြစ် တည်ဆောက်လျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဝန်ထမ်းအိမ်ရာများ၌ ရာသီသီးပင်စားပင်များ၊ နှစ်ရှည်သီးပင်စားပင်များ စိုက်ပျိုးခြင်းဖြင့် အမြဲစိမ်းလန်း၍ သန့်ရှင်းသပ်ရပ်ပြီး အကျိုးကျေးဇူးအနေဖြင့် သီးနှံများကို လတ်ဆတ်စွာ စားသုံးနိုင်ခြင်း၊ ပိုးသတ်ဆေးကင်းစင်သည့်သီးနှံများ စားသုံးနိုင်ခြင်းနှင့် ကျန်းမာရေးနှင့် ညီညွတ်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဒုတိယဝန်ကြီးများ ပါဝင်သည့် အဖွဲ့ရှစ်ဖွဲ့ဖြင့် နှစ်ရှည်သီးနှံနှင့်ရာသီသီးနှံစိုက်ပျိုးမှုကို သုံးလပတ်တစ်ကြိမ် စစ်ဆေးခဲ့ကြောင်း၊ ယခုနောက်ဆုံး သုံးလပတ်အတွက် နှစ်ချုပ်စစ်ဆေး၍ ဆုများချီးမြှင့်ပေးခြင်း ဖြစ်ကြောင်း၊ နောင်လာမည့်နှစ်များတွင် ခြောက်လတစ်ကြိမ် ဆုပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နှစ်ရှည်သီးပင်စားပင်နှင့် ရာသီသီးပင်စားပင်များကို အောင်မြင်အောင် ကြိုးစားစိုက်ပျိုးဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ကျင်းပရာ မြို့တော်ဝန်ဦးသိန်းညွန့်က တိုက်အလိုက် ပထမဆုရရှိသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန တိုက်အမှတ် (၂၃၇၀) မှ တိုက်တာဝန်ခံနှင့် တစ်ဦးချင်း ပထမဆုရရှိသည့် တိုက်အမှတ် (၁၃၂၃) မှ ဦးစိန်ရွှေတိုး (ယာဉ်မောင်း) ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က တိုက်အလိုက် ဒုတိယဆုရရှိသည့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန တိုက်အမှတ် (၁၃၅၅)မှ တိုက်တာဝန်ခံနှင့် တစ်ဦးချင်း ဒုတိယ ဆုရရှိသူ တိုက်အမှတ် (၂၃၇၀)မှ ဦးကျော်သိန်း (ဌာနခွဲစာရေး) ရထားပို့ဆောင်ရေးဝန်ကြီးဌာန တို့အား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးတင်ထွန်းအောင်က တိုက်အလိုက် တတိယဆုရရှိသည့် နယ်စပ်စည်ပင် ဝန်ကြီးဌာန တိုက်အမှတ် (၈၈)မှ တိုက်တာဝန်ခံနှင့် တစ်ဦးချင်း တတိယ ဆုရရှိသည့် ဦးနိုင်ဝင်း (ညွှန်မှူး) နယ်စပ်စည်ပင်ဝန်ကြီးဌာနတို့အား လည်းကောင်း၊ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က တိုက်အလိုက် နှစ်သိမ့်ဆုရရှိသည့် တိုက်တာဝန်ခံငါးဦးတို့အား လည်းကောင်း၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုက တစ်ဦးချင်း နှစ်သိမ့်ဆုရရှိသူငါးဦးတို့အား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယခုကျင်းပသည့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှုအတွက် တိုက်အလိုက် ဆုရရှိသူများအား ပထမ၊ ဒုတိယနှင့် တတိယဆုများအတွက် ဆုဖလားများ အပြင် စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းနှင့် ငွေသားဆုများကို လည်းကောင်း၊ တစ်ဦးချင်းဆု ပထမ၊ ဒုတိယနှင့် တတိယရရှိသူများအား ဆုဖလားများအပြင် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းနှင့် ငွေသားဆုများကိုလည်းကောင်း၊ တိုက်အလိုက် နှစ်သိမ့်ဆုများအတွက် စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းနှင့် ငွေသားဆုကို လည်းကောင်း၊ တစ်ဦးချင်းနှစ်သိမ့်ဆုများ အတွက် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းနှင့် ငွေသားဆုကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၇-၁၂-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၅ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၂၀ ၃။ မျိုးချစ်တပ်မတော်
၄:၄၅ ၄။ မဟာဂီတချိုကြည်မြ
၄:၅၀ ၅။ ပညာပေးဇာတ်လမ်းတို -ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနှင့်ကြွပ်ကြွပ်အိတ် အန္တရာယ်
၄:၅၅ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၀၀ ၇။ လျှပ်တစ်ပြက်
၅:၀၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅:၁၅ ၉။ အိုင်စီတီသုတ
၅:၂၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၁။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -တန်ကာနီကာမှချင်ပန်ဇီ (အပိုင်း-၁)
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၄။ "ရွှာ"ဟာသဇာတ်လမ်းတွဲ
၆:၄၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိပ်မက်ကောင်းကင် (အပိုင်း-၁၃)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ စိုက်ပျိုးသုတ
၂၂။ သံစဉ်များနှင့်ကမ္ဘာ
၂၃။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကျွန်းအလှနှင့်ဘဝကဗျာ (အပိုင်း-၁၅)**
၂၆။ ကမ္ဘာတစ်ခွင်ခရီးစဉ်
၂၇။ သင့်အတွက်မနက်ဖြန်
၂၈။ အပိတ်နှုတ်ဆက်စကား
၂၉။ ပြီးပါပြီ။

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် ရမည်းသင်းမြို့နယ်၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရမည်းသင်းမြို့နယ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့သူများအား ဂုဏ်ပြု ယဉ်ကျေးမှုဝန်ကြီး ဦးခင်အောင်မြင့် တက်ရောက်ဆုချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၄ရက် မွန်းလွဲ ၂နာရီခွဲတွင် ရမည်းသင်းမြို့ရှိ သီလဝခန်းမ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ တပ်မှူးများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့မိမြို့ဖများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ရမည်းသင်းမြို့နယ်မှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ ၂၈ဦးအားလည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့် ဘာသာစုံထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ အခြေခံပညာ မူလတန်းအဆင့် ဘာသာစုံထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက် အကောင်းဆုံးရရှိသည့် ကျောင်းများအားလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပမည့် နာယကကြီး ဦးကျော်သန်း အမှတ်တရ မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၁ ရက်မှ ၃၁ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပါဝင်ယှဉ်ပြိုင်လိုသည့် ကစားသမားများသည် ဒီဇင်ဘာ ၁၉ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

မြန်မာအိုးပင်း စစ်တုရင်ပြိုင်ပွဲမှ လက်ရည်စစ် အောင်မြင်သူများသည် ၂၀၁၁ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် လက်ရွေးစင်များ ရွေးချယ်မည့် ၂၀၁၁ ခုနှစ် (၃၇)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ (စစ်တုရင်အဖွဲ့ချုပ်)

ယခု သောကြာပတ် ကျောက်စက်ရေ ရုံတင်ပြသမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

ဒီဇင်ဘာ ၁၇ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများဖြစ်သည့် သမ္မတ၊ မြို့မနှင့် နဝဒေးရုံ တို့တွင် မဟော်ဂနီရုပ်ရှင်ထုတ်လုပ်ရေးမှ ဂျမန်း၏ ဇာတ်လမ်းကို ဆုသြချယ် ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ဝိုင်း ရိုက်ကူးသည့် မေတ္တာဖွဲ့ဇာတ်ကား **ကျောက်စက်ရေ** ပြသမည်ဖြစ်သည်။ မိခင်မေတ္တာကို တစ်သက်တာလုံး ရှာဖွေနေခဲ့သည့် သားလိမ္မာတစ်ဦး၏ဘဝကို ဒါရိုက်တာက ပီပြင်စွာ သရုပ်ဖော်ရိုက်ကူးထားသည့် ဇာတ်ကားကောင်းတစ်ကား ဖြစ်ပါသည်။ မြင့်မြတ်၊ အကယ်ဒမီ ခင်သန်းနု၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ အကယ်ဒမီ ထွန်းအိန္ဒြာဗို၊ ဧည့်သည်သရုပ်ဆောင် ရန်အောင်၊ ရဲအောင်၊ ရန်ကျော်နှင့် သရုပ်ဆောင်များစွာ ပါဝင်ကြသည်။

ဘီစီ ၆ ရာစုခေတ် ပါရှားပြည်၏ နန်းတွင်းရေး အရှုပ်အထွေးများကို ဇာတ်လမ်းဖွဲ့ ရိုက်ကူးထားသည့် PRINCE OF PERSIA THE SAND OF TIME ဇာတ်ကား သွင်ရုံတွင် ရုံတင်ပြသမည်ဖြစ်ပြီး မင်္ဂလာရုံတွင် အိန္ဒိယ နာမည်ကြီးသရုပ်ဆောင် ဆာလ်မန်ခန်း၊ ဂျာဒင်းခန်း၊ အနီကပူးနှင့် လာရာဒတ္တာတို့ ပါဝင်သည့် N0 ENTRY အိန္ဒိယဇာတ်ကား၊ ရွှေ့ဆောင်ရုံတွင် သိပ္ပံပညာအသားပေး ဇာတ်ကြမ်းကား RESIDENT EVIL: AFTERLIFE ဇာတ်ကားနှင့် နေပြည်တော်ရုံတွင် နာမည်ကြီး လူမည်းသရုပ်ဆောင် ဒင်ဇဲဝါရှင်တန် ပါဝင်သရုပ်ဆောင်ထားသည့် UN STOPPABLE အက်ရှင်ဇာတ်ကားများပြသမည်ဖြစ်သည်။ (ကြေးမုံ)

ကျောက်စက်ရေ ဇာတ်ကားမှ မြင့်မြတ်နှင့် အကယ်ဒမီ ထွန်းအိန္ဒြာဗို တို့၏ သရုပ်ဆောင်ဟန်။

☆ ကျောဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာအနီး မန္တလေး-ပြင်ဦးလွင်ကားလမ်း မိုင်တိုင်အမှတ် (၂၇/၇)တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာတက္ကသိုလ် (ရတနာပုံ ဆိုင်ဘာစီးတီး) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိသည်။

သုတေသနအခြေပြု

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းကောလိပ်/သိပ္ပံများနှင့် အစိုးရ နည်းပညာ အထက်တန်းကျောင်းများကို နိုင်ငံတစ်ဝန်း တည်ဆောက်ဖွင့်လှစ်၍ မြို့ပြနှင့်ကျေးလက် ခေတ်မီနည်းပညာတိုးတက်မှု ကွာဟချက် မရှိစေရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်သင်ကြားပေးမည့် သုတေသနအခြေပြု နည်းပညာတက္ကသိုလ်တစ်ခုအဖြစ် နည်းပညာတက္ကသိုလ် (ရတနာပုံ ဆိုင်ဘာစီးတီး) ကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

ရှင်းလင်းတင်ပြ

သုတေသနများနှင့် စဉ်ဆက်မပြတ်တွဲဖက်သင်ကြားပေးမည့် သတင်းအချက်အလက်နှင့် နည်းပညာ မဟာဌာန (Faculty of Information and Communication Technology)၊ တိကျစက်ပစ္စည်း ထုတ်လုပ်ရေးအင်ဂျင်နီယာမဟာဌာန (Faculty of Precision Engineering)၊ အီလက်ထရွန်နစ် အင်ဂျင်နီယာဌာန (Faculty of Electronic Engineering)၊ အဆင့်မြင့် ဒြပ်ပစ္စည်းအင်ဂျင်နီယာမဟာဌာန (Faculty of Advanced Materials Engineering) စသည့် အင်ဂျင်နီယာ မဟာဌာနကြီး လေးခုနှင့်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးက နည်းပညာနယ်ပယ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်း အမီလိုက်ပါနိုင်ရေးအတွက် ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) ပုံစံငယ်နှင့် တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

နည်းပညာတက္ကသိုလ် (ရတနာပုံ ဆိုင်ဘာစီးတီး)ကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပြင်စာစံပြကျေးရွာအနီး မန္တလေး-ပြင်ဦးလွင်ကားလမ်း မိုင်တိုင်အမှတ် (၂၇/၇)တွင် တည်ဆောက်လျက်ရှိပြီး ဧရိယာ ၂၁၆ ဧက ကျယ်ဝန်းသည်။

နည်းပညာတက္ကသိုလ် (ရတနာပုံ ဆိုင်ဘာစီးတီး)သို့ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံသား ကျောင်းသား၊ ကျောင်းသူ လူငယ်များ စတင်တက်ရောက်ခွင့် ရရှိကြမည်ဖြစ်၍ တက်ရောက်လိုပါက ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး

အဆိုပါ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)၌ ပါရဂူဘွဲ့ သင်တန်းသား ၈၀၊ အင်ဂျင်နီယာဘွဲ့ သင်တန်းသား ၉၇၇ ဦး တက်ရောက်သင်ကြားကြမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့နယ် ပြင်စာစံပြကျေးရွာအနီး မိုင်တိုင်အမှတ် (၂၇/၁)တွင် ဖွင့်လှစ်ထားသည့် နည်းပညာတက္ကသိုလ် (ရတနာပုံ ဆိုင်ဘာစီးတီး)သို့ ရောက်ရှိကြသည်။

စစ်ဆေး

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)ရှိ သင်ကြားသင်ယူမှုနှင့် သင်ထောက်ကူ လက်တွေ့စာသင်ခန်းများဖြစ်သည့် Electronic Multimedia Lab၊ Virtual Learning Center၊ Web Based Learning Center၊ Parallel Processing Lab၊ Software Development Lab၊ Internet & Video Conferencing Lab၊ Advanced Material Lab နှင့် Precision Engineering Lab များတွင် ကျောင်းသား၊

ဆောင်ရွက်ပြီးစီးမှု၊ လမ်းဖောက်လုပ်မှုနှင့် လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ပူးပေါင်း၍ အိမ်ရာများအကောင်အထည်ဖော်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးက ရတနာပုံမြို့သစ်တည်ဆောက်ပြီးသည့် နောက်တွင်လည်း မြို့သစ်ကို အဆင့်အတန်းရှိသည့်မြို့အဖြစ် ဆက်လက်ထိန်းသိမ်းသွားနိုင်ရေးအတွက် ရေ၊ မီး၊ လမ်းနှင့် သန့်ရှင်းရေး စသည့် ဝန်ဆောင်မှုလုပ်ငန်းများ ကောင်းမွန်ရန်လိုအပ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီးပွားရေးအမြင်ရှိရှိ ဆောင်ရွက်မှသာ လုပ်ငန်းများလည်း အောင်မြင် တိုးတက်လာနိုင်မှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန



WILL) Broadband Wireless Access တည်ဆောက်ပြီး ခန္တီး၊ ဗန်းမော်၊ ဟုမ္မလင်း၊ ပင်လည်ဘူး၊ ကလေးဝ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့များသို့ တိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း။

CDMA-450 MHz (Roaming Restriction) Local Mobile



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား နည်းပညာတက္ကသိုလ် (ရတနာပုံ ဆိုင်ဘာစီးတီး) တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆောင်၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက တင်ပြရာတွင် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိပြီး နည်းပညာတက္ကသိုလ်၊

အဓိက ဖွဲ့စည်းသင်ကြားရန် စီစဉ်ထားပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပင်မဆောင်၊ နှစ်ထပ်စာသင်ဆောင်၊ သုတေသနနှင့် လက်တွေ့စမ်းသပ်ခန်းများ၊ ခတ်ခွဲခန်း အလုပ်ရုံများ အကွက်ချပုံစံနှင့် တည်ဆောက်နေမှု အခြေအနေများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

အရည်အချင်းပြည့်မီအောင်မြင်သူများကိုသာ တက်ရောက်ခွင့်ပြုမည်ဖြစ်သည်။

အပ်နှင်းချီးမြှင့်

ဘာသာရပ်တိုင်းအတွက် သင်တန်းကာလသည် ငါးနှစ်တက်ရောက်ရမည်ဖြစ်ပြီး B.E (Information Science)၊ B.E (Computer Engineering)၊ B.E (Electronic Engineering)၊ B.E (Precision Engineering)၊ B.E (Advanced Materials Engineering) အင်ဂျင်နီယာဘွဲ့များ အပ်နှင်းချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ကျောင်းသူများ ပညာသင်ကြားသင်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန်က ရတနာပုံနည်းပညာမြို့ တည်ဆောက်ရေးစီမံကိန်း၏ပထမအဆင့်ဖြစ်သော ရတနာပုံမြို့သစ်မြောက်ပိုင်း၌ အကောင်အထည်ဖော်လျက်ရှိသည့် ကိုယ်ပိုင်အိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ အိမ်ရာစီမံကိန်းနယ်မြေအတွင်း လျှပ်စစ်မီးနှင့် ရေရရှိရေးလုပ်ငန်းများ

☆ ရတနာပုံမြို့သစ် တည်ဆောက်ပြီးသည့်နောက်တွင်လည်း မြို့သစ်ကို အဆင့်အတန်းရှိသည့် မြို့အဖြစ် ဆက်လက်ထိန်းသိမ်းသွား။

☆ ရေ၊ မီး၊ လမ်းနှင့် သန့်ရှင်းရေး စသည့် ဝန်ဆောင်မှု လုပ်ငန်းများ ကောင်းမွန်ရန်လိုအပ်။

☆ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီးပွားရေး အမြင်ရှိရှိ ဆောင်ရွက်မှသာ လုပ်ငန်းများလည်း အောင်မြင်တိုးတက်လာနိုင်မှာဖြစ်။

ဝန်ကြီး ဦးသိန်းဇော်က ရတနာပုံမြို့သစ်စီမံကိန်းနှင့် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်တို့တွင် ဆောင်ရွက်နေသည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယခုအခါ Soft Based Factories များအတွက် လျာထားမြေကွက်များတွင် ရင်းနှီးမြှုပ်နှံသူများက စက်ရုံများ စတင်ဆောက်လုပ်နေသည့်အပြင် Incubation Center အဆောက်အအုံများမှာလည်း ဆောက်လုပ်ပြီးစီးပြီဖြစ်၍ လုပ်ငန်းရှင်များ အနေဖြင့် လာရောက်၍ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဦးသိန်းဇော်က ရတနာပုံမြို့သစ် စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဆက်သွယ်ရေးစက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုအခြေအနေ၊ ရတနာပုံမြို့သစ်တွင် ရင်းနှီးမြှုပ်နှံသည့် ဝန်ကြီးဌာနနှင့်ကုမ္ပဏီ ၁၇ ခုတို့၏ လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ မြို့သစ်တွင် ဆက်သွယ်ရေး စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု၊ Soft Based Factory မြေနေရာတွင် တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲ စက်ရုံများ၊ လျှပ်စစ်ဓာတ်အားနှင့် ရေရရှိမှုအခြေအနေ၊ မြို့သစ်တွင် ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများ၏ လုပ်ငန်းအမျိုးအစားများ၊ စက်ရုံများတွင် စက်ပစ္စည်းများ ထုတ်လုပ်မှု၊ Asia Mega Link မှ ဆိုလာပြားအမျိုးမျိုး ထုတ်လုပ်မှု၊ ရတနာပုံတယ်လီပို့ကုမ္ပဏီသို့ အစုရှယ်ယာ ထည့်ဝင်မှု အခြေအနေ၊ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းနှင့် အသုံးချဝန်ဆောင်မှုလုပ်ငန်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးက ဖန်မျှင်ဆက်ကြောင်းဖြင့် တယ်လီဖုန်း၊ အင်တာနက်၊ တီဗွီထုတ်လွှင့်နိုင်သည့် FTTH (Fiber To The Home) ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း။

Multi Carrier Wireless Information Local Loop (MC

ယာဉ်တင် တယ်လီဖုန်းစနစ် လိုင်းအင်အား ၂၆၇၅၀ကို နယ်မြို့ ၁၂ မြို့တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ လုပ်ငန်းအပ်နှံခြင်းအတွက် လက်ခံဆောင်ရွက်လျက်ရှိပါကြောင်း။

IP Multimedia Subsystem and Fixed In System (Softswith) တပ်ဆင်၍ ဝန်ဆောင်မှုများ စတင်ပေးနိုင်ရန် စီစဉ်ပြီးဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာ
နှင့် သင်ထောက်ကူ လက်တွေ့စာသင်ခန်းများ
များ ပညာသင်ကြားသင်ယူနေမှုတို့ကို တွေ့ရ

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။
- ☆ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။
- ☆ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် ပဓာနကျသဖြင့် ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီး ကြံစည်အားထုတ် လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေး။

WILL) Broadband Wireless Access တည်ဆောက်ပြီး ခန္တီး၊ ဗန်းမော်၊ ဟုမ္မလင်း၊ ပင်လည်ဘူး၊ ကလေးဝ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့များသို့ တိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း။

CDMA-450 MHz (Roaming Restriction) Local Mobile

ပုံစံငယ် ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နည်းပညာတက္ကသိုလ် (ရတနာပုံ ဆိုင်ဘာစီးတီး) ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) ပုံစံငယ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ယာဉ်တွင် တယ်လီဖုန်းစနစ် လိုင်းအင်အား ၂၆၇၅၀ကို နယ်မြို့ ၁၂ မြို့တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ လုပ်ငန်းအပ်နှံခြင်းအတွက် လက်ခံဆောင်ရွက်လျက်ရှိပါကြောင်း။

IP Multimedia Subsystem and Fixed In System (Softswith) တပ်ဆင်၍ ဝန်ဆောင်မှုများ စတင်ပေးနိုင်ရန် စီစဉ်ပြီးဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

မျက်ခြည်မပြတ်လေ့လာဆည်းပူး

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးက သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရပ်သည် အမြဲပြောင်းလဲဆန်းသစ်လျက်ရှိနေသဖြင့် အဆိုပါ ပြောင်းလဲမှုကို အမီလိုက်ပါနိုင်ရေးအတွက် မျက်ခြည်မပြတ် လေ့လာဆည်းပူးနေရန်လိုကြောင်း။

ထို့အပြင် ICT နည်းပညာရပ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပြန့်ပွားအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် စီမံကိန်းရှင်းလင်းဆောင်ရွက်ပ်မှ ရတနာပုံမြို့သစ်စီမံကိန်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး ရတနာပုံအင်တာနက် အိတ်ချိန်းစက်ခန်းများကို ကြည့်ရှုလေ့လာကြသည်။

ပြန်လည်ထွက်ခွာ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ရတနာပုံမြို့သစ်စီမံကိန်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)ရှိ သင်ကြားသင်ယူမှုနှင့် သင်ထောက်ကူ လက်တွေ့စာသင်ခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားသင်ယူနေမှုတို့ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဒီဇင်ဘာ ၁၆

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ဆေးဝါးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဒေါ်မာလာမြင့်အား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က)	ဦးဝင်းရှိန် ဒုတိယညွှန်ကြားရေးမှူးချုပ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အလုပ်သမားဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန အလုပ်သမားဝန်ကြီးဌာန
(ခ)	ဦးဇော်ဟိန်း အထွေထွေမန်နေဂျာ(စီမံကိန်း) မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အမှတ်(၁) စက်မှုဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ကြွေထည်မြေထည် လုပ်ငန်း အမှတ်(၁)စက်မှုဝန်ကြီးဌာန

Great Casabella အထူးဈေးရောင်းပွဲတော် ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၆

နက်ရေးကုမ္ပဏီ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော Casabella Home Furnishing Center မှ အိမ်တွင်း၊ ရုံးတွင်း အလှဆင် ပရိဘောဂများဖြစ်သော LORENZO Leather ဆိုဖာ၊ Dining Furniture များ၊ DUNLOPILLO မွေ့ရာမျိုးစုံ၊ OSIM Healthy Lifestyle အလှအပနှင့် ကျန်းမာရေး ပစ္စည်းများ၊ Germany နိုင်ငံလုပ် WMF အမှတ်တံဆိပ် အဆင့်မြင့် မီးဖိုချောင်သုံးပစ္စည်းများ၊ Aussino အမှတ်တံဆိပ် နောက်ဆုံးပေါ် အိပ်ရာခင်းနှင့် အိပ်ရာအခမ်းအနား အသုံးအဆောင်ပစ္စည်းများ၊ Designer ခန်းဆီးလိုက်ကာ၊ ကော်ဇောနှင့် Wall-paper များ၊ နိုင်ငံတကာခေတ်မီရုံးခန်းများအတွက်လည်း ရုံးစားပွဲနှင့် ထိုင်ခုံများ၊ အဝတ်အထည်များကို စနစ်တကျ ထည့်သွင်းသိမ်းဆည်းနိုင်သည့် System Wardrobe များ အစရှိသည်တို့ကို **(ယာပုံ)** အမှတ်(၂၂) ကိုးမိုင်ပြည်လမ်းရှိ Casabella Home Furnishing Center တွင် ဒီဇင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်သည်။

တစ်နှစ်လျှင် နှစ်ကြိမ် နှစ်လယ်၊ နှစ်ကုန်ပိုင်းတွင် ကျင်းပသည့် အထူးဈေးရောင်းပွဲတော်၌ ၁၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိ Discount ပေး၍ ရောင်းချမည်ဖြစ်သည်။ မိမိတို့၏ လှပသော နေအိမ်များကို Casabella တွင် ခေတ်မီလှပသော နောက်ဆုံးပေါ် Furniture ဒီဇိုင်းများဖြင့် အလှဆင်လိုသူများအတွက် လိုအပ်သည့် ပစ္စည်းများကို တစ်နေရာတည်း၊ တစ်စုတဝေး စိတ်တိုင်းကျ ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ နှစ်သစ်ကို ကြိုဆို၍ မိသားစုများ ပျော်ရွှင်ချမ်းမြေ့စေရန် ရည်ရွယ်ချက်ဖြင့် ရောင်းချပေးခြင်းဖြစ်သည်။ (သတင်းစဉ်)

ဓနုဖြူမြို့ အထက်တန်းကျောင်း (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

ဓနုဖြူမြို့ အထက်တန်းကျောင်း၌ ပညာသင်ကြားပေးခဲ့သည့် အသက်(၆၀)ပြည့် အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်အပူဇော်ခံကြရန်၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ စုံညီစွာတက်ရောက်ကြပါရန်နှင့် ရန်ကုန်မြို့မှ လိုက်ပါမည့်သူများအတွက် ဒီဇင်ဘာ ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် ဓနုဖြူမြို့နယ်အသင်းတိုက်ရှေ့မှ မော်တော်ယာဉ်ထွက်ခွာမည်ဖြစ်သည်။

ကိုမောင်မောင် ဖုန်း-၀၉-၈၀၂၂၁၉၊ ကိုကြည်စိုး ဖုန်း-၅၁၅၇၁၃၀နှင့် ကိုမိုးကျော်ထွန်း ဖုန်း- ၀၁-၇၃၀၃၂၆၀၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၆

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက တပ်မတော်(လေ) အသင်းကို လေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ညနေပိုင်းတွင် အမှတ်(၁) အားကစားကွင်း၌ တပ်မတော်(ရေ) အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းတို့သည် တစ်ဖက်တစ်ဂိုးစီ သရေဖြင့်လည်းကောင်း၊ ပေါင်းလောင်းအားကစားကွင်း၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး- ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထက်ပိုင်းဒေသများ ညအပူချိန်များ ဆက်လက်လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၆

ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအချိန်အောက် ၃ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၁) ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်နှင့် ဟဲဟိုးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဒီဇင်ဘာ ၁၇ ရက် ညနေထိခန့်မှန်းချက်။ ။ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ ဆက်လက်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

တစ်ချက်တည်း ကျင်းဝင်

နေပြည်တော် ဒီဇင်ဘာ ၁၆

စွမ်းအင်ဝန်ကြီးဌာနမှ ဦးသန်းဌေးသည် ကစားဖော်များဖြစ်ကြသော ဦးသိန်းထွန်း၊ ဦးအေးမြင့်ကြူ၊ ဦးအောင်ထွန်းတို့နှင့်အတူ ဒီဇင်ဘာ ၁၂ ရက်တွင် နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titlelist (Pro-V1) No.4 ဘောလုံးကို Honma Iron No.6 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၆၆ ကိုက် အကွာ၌ရှိသော ကျင်းအမှတ် (၃)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။ (သတင်းစဉ်)

အသက်(၆၅)နှစ်နှင့်အထက် နှစ်ယောက်တွဲတင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar International School Yangon (MISY) က အဓိက ပံ့ပိုးကူညီမှုဖြင့် အသက်(၆၅)နှစ်နှင့်အထက် ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သူများ၏ နှစ်ယောက်တွဲတင်းနစ်ပြိုင်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ တင်းနစ်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် အသက်(၆၅)နှစ်နှင့်အထက် တင်းနစ်အားကစားသမားများသည် ဒီဇင်ဘာ ၂၁ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်သူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူနှင့် အိမ်ထောင်စုစာရင်းမိတ္တူတို့ကို ပူးတွဲကာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်သို့ အမည်စာရင်းပေးသွင်းပြီး ပြိုင်ပွဲစည်းကမ်းချက်များကိုလည်း တောင်းယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကွန်ပျူတာအသင်း လက်တွေ့သရုပ်ပြမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ လက်တွေ့လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ အလုပ်အမှုဆောင် ဦးဇော်မိုးသန့်က ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁နာရီမှ ညနေ ၅ နာရီအထိ လက်တွေ့သရုပ်ပြသွားမည်ဖြစ်သည်။ ယနေ့တွင်ကျယ်စွာအသုံးပြုနေကြသော SQL Server 2005 အားအသုံးပြု၍ စမ်းသပ်မည်ဖြစ်သည်။ Database Applications များ ရေးသားခြင်းကို လေ့လာနေသူများအနေဖြင့် လက်တွေ့ စမ်းသပ်သင့်သော အစီအစဉ်တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များ၊ MCPA စာမေးပွဲအောင်မြင်ထားသူများနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်လေ့ကျင့်နိုင်ပြီး ဒီဇင်ဘာ ၁၇ ရက် ညနေ ၃ နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။ လက်တွေ့စမ်းသပ်သူ ၂၄ ဦး လက်ခံမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံကွန်ပျူတာပညာရှင် အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

အင်္ဂလိပ်စာအဓိက ၁၉၈၃-၁၉၈၅ မြတ်ဆရာပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၁၆

အင်္ဂလိပ်စာအဓိက ၁၉၈၃-၁၉၈၅ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီ၌ ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ Sky Bistro ဆာကူရာတာဝါ အထပ်(၂၀)၌ ကျင်းပမည်ဖြစ်ရာ ကိုစိုးလီ ဖုန်း-၀၉-၅၁၃၆၃၉၈၊ ကိုစိန်လွင် ဖုန်း-၀၉-၅၀၁၉၈၇၂၊ ကိုစိန်ဦး ဖုန်း-၀၉-၅၀၁၉၄၄၆၊ ကိုရန်ရှင်း ဖုန်း-၀၉-၅၁၂၃၆၃၇၊ ကိုခင်မောင်ထွေး ဖုန်း-၀၉-၅၁၈၅၅၁၈၊ ကိုသိန်းဆွေတင့် ဖုန်း-၀၉-၅၁၀၉၇၂၉၊ ကိုထွန်းမြင့်-မခင်သန်းယု ဖုန်း-၀၉-၅၁၇၄၉၉၀၊ မပုဏ္ဏမီကျော် ဖုန်း-၀၉-၅၀၁၆၃၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

နိုင် ငံ တ ကာ အား က စား သ တင်း

နိုင် ငံ တ ကာ အား က စား သ တင်း

နိုင် ငံ တ ကာ အား က စား သ တင်း

ကမ္ဘာ့ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ အင်တာမီလန် ဗိုလ်လုပွဲတက်ပြီ

အဘူဒါဘီ ဒီဇင်ဘာ ၁၆

ကမ္ဘာ့ကလပ်ချန်ပီယံရှစ် အကြိုဗိုလ်လုပွဲ ပွဲစဉ်အဖြစ် အီတလီစီးရီးအေမှ ဥရောပချန်ပီယံ အင်တာမီလန်နှင့် အာရှချန်ပီယံ ဆီယွန်နမ်တို့ အဘူဒါဘီ၌ ယှဉ်ပြိုင်ကစားခဲ့ရာ အင်တာမီလန်က သုံးဂိုး-ဂိုးမရှိဖြင့်အနိုင်ရသွားသည်။

ပထမပိုင်းပွဲအစ သုံးမိနစ်တွင်ပင် အင်တာမီလန် ကစားသမား စတန်ကိုဗစ်က ဆီယွန်နမ် နောက်တန်းကို ကျော်ဖြတ်၍ အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ ၃၂ မိနစ်တွင် ဇနက်တီက မီလီတို၏ ပံ့ပိုးပေးမှုမှတစ်ဆင့် ဒုတိယ ဦးဆောင်ဂိုးကို သွင်းယူခဲ့သည်။ ပထမပိုင်းတွင် ဦးဆောင်ဂိုးနှစ်ဂိုးရနေသည့် အင်တာမီလန်သည် ဒုတိယပိုင်းတွင်လည်း နောက်ထပ်အနိုင်ဂိုးများ ရရှိရေးအတွက် ဆက်လက်ဖိအားပေး တိုက်စစ်ဆင်ကစားခဲ့သည်။ ထို့ကြောင့် ပွဲချိန် ၇၃ မိနစ်တွင် တိုက်စစ်မှူးမီလီတိုက အင်တာမီလန်အတွက် တတိယအနိုင်ဂိုးကို သွင်းယူနိုင်ခဲ့ပြန်သည်။

အင်တာမီလန်အတွက် တတိယ အနိုင်ဂိုးသွင်းပေးခဲ့သည့် မီလီတို။

ဆီယွန်နမ်အသင်းအား ဂိုးပြတ်အနိုင်ရခဲ့သည့် အင်တာမီလန်သည် ဒီဇင်ဘာ ၁၈ ရက် (စနေနေ့)တွင် အင်တာနာစီယိုနယ်အသင်းအား အနိုင်ရခဲ့သည့် အာဖရိကချန်ပီယံ မာဇမ်ဘီအသင်းနှင့် ဗိုလ်လုပွဲယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယခုပွဲတွင် အင်တာမီလန် ကွင်းလယ်ကစားသမား ရှနိုက်ဒါမှာ ပထမပိုင်းပွဲအစ နှစ်မိနစ်မှာပင် တံကောက်ကြော ဒဏ်ရာရရှိခဲ့သည်။

အင်တာနက်။

အန်ဒါဆန် မန်ယူနှင့် လေးနှစ်ခွဲစာချုပ်ချုပ်ဆို

မန်ချက်စတာ ဒီဇင်ဘာ ၁၆

မန်ယူအသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား အန်ဒါဆန်သည် အသင်းနှင့် လေးနှစ်ခွဲ သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုလိုက်နိုင်ပြီဖြစ်သည်။

အသက် (၂၂)နှစ်ရှိ အန်ဒါဆန်သည် ၂၀၀၇ ခုနှစ်ကပင် ပေါ်တိုအသင်းမှ မန်ယူသို့ ရောက်ရှိလာသူဖြစ်သည်။ ၎င်းမှာ မန်ယူအသင်းတွင် ပုံမှန်ပွဲထွက်ခွင့် မရရှိသည့်အပြင် ဒဏ်ရာပြဿနာများဖြင့် မကြာခဏ ကြုံတွေ့နေရသူဖြစ်သည်။ မန်ယူနည်းပြ ဖာဂူဆန်က အန်ဒါဆန်နှင့် စာချုပ်သက်တမ်းတိုးနိုင်ခဲ့ခြင်းကို ကျေနပ်မိကြောင်း၊ ၎င်းမှာ အသင်းကိုရောက်လာပြီးကတည်းက တိုးတက်မှုလျင်မြန်သည့် ကစားသမားဖြစ်ကြောင်း၊ မကြာမီတွင်ပင် ထိပ်တန်းကစားသမားတစ်ဦးဖြစ်လာနိုင်ကြောင်း ပြောကြားခဲ့သည်။ အန်ဒါဆန်ကမူ မန်ယူအသင်းမှာ အကောင်းဆုံးအသင်းတစ်သင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် အသင်းနှင့်အတူ ဆုဖလားများရယူလိုကြောင်း၊ယခုကဲ့သို့ စာချုပ်သက်တမ်းတိုးနိုင်ခဲ့ခြင်းကို အတိုင်းမသိဝမ်းသာ ကျေနပ်မိပါကြောင်း ပြောကြားခဲ့သည်။

အင်တာနက်။



မန် ယူ နှင့် စာ ချုပ် သက် တမ်း တိုး လိုက် သည့် အန်ဒါ ဆန်။

တီဗက်ဇ်နှင့် မန်စီနီ အနာဂတ်အရေးတနင်္လာနေ့တွင် ဆွေးနွေးမည်

လန်ဒန် ဒီဇင်ဘာ ၁၆

မိသားစုပြဿနာကြောင့် အင်္ဂလန်တွင် မပျော်ရွှင်နိုင်တော့သည့် မန်စီးတီး တိုက်စစ်မှူး တီဗက်ဇ်၏ အနာဂတ်အရေးကို လာမည့်တနင်္လာနေ့တွင် ဆွေးနွေးမည်ဖြစ်ကြောင်း နည်းပြ မန်စီနီက ထုတ်ဖော်ပြောကြားသည်။

"တီဗက်ဇ်ကို ကျွန်တော်တို့နဲ့အတူ အသင်းမှာ ဆက်လက်ရှိနေစေချင်ပါတယ်။ ဒါပေမယ့် ကာယကံရှင်က အသင်းမှာဆက်နေဖို့ လုံးဝဆန္ဒမရှိတော့တာကြောင့် သူနဲ့ အနာဂတ်အရေးကို ဆွေးနွေးရပါတော့မယ်။ ဒီကိစ္စက လာမယ့်တနင်္လာနေ့ဆိုရင် အဖြေပေါ်ပါပြီ" ဟု မန်စီးတီးနည်းပြ မန်စီနီက ထပ်လောင်းပြောကြားခဲ့သည်။

အင်တာနက်။

ဝင်းတင်(ကြေးမုံ)

လိုအပ်လျှင် ခပ်ကြမ်းကြမ်းရင်ဆိုင်ရမည်ဟု နာဆရီဆို မန်ယူကိုရှုံးသော်လည်း အာဆင်နယ်ချန်ပီယံဖြစ်နိုင်သည်ဟု ပြောကြား

လန်ဒန် ဒီဇင်ဘာ ၁၆

အာဆင်နယ်အသင်းအနေဖြင့် အသင်းနိုင်ပွဲရရှိရန် လိုအပ်လာပါက စွဲမက်ဖွယ်ကစားဟန်ကို စွန့်လွှတ်ပြီး ခပ်ကြမ်းကြမ်းကစားဟန်ဖြင့် ပြန်လည်တုံ့ပြန်ကစားသင့်ကြောင်း အာဆင်နယ်ကစားသမား နာဆရီကဆိုသည်။

ပြီးခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၁၇)တွင် မန်ချက်စတာယူနိုက်တက်အား ၁-၀ ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အာဆင်နယ်အသင်းသည် ဇယားထိပ်ဦးဆောင်ခွင့်ကို မန်ယူအားလွှဲပြောင်းပေးခဲ့ရသည်။ မန်ယူသည် ယခုအခါ တစ်ပွဲလျော့ နှစ်မှတ်အသာဖြင့် ပရီမီယာလိဂ်တွင် ဦးဆောင်ခွင့်ရရှိနေပြီဖြစ်သည်။

သို့သော် အာဆင်နယ်၏ ပြင်သစ်လက်ရွေးစင်ကစားသမား နာဆရီက မန်ယူကို အဝေးကွင်း အိုးထရက်ဖို့ဒ်၌ ရှုံးနိမ့်ခဲ့သော်လည်း ပရီမီယာလိဂ်ဖလားကို ရယူနိုင်မည်ဟု ကြုံးဝါးလိုက်သည်။

"မန်ယူနဲ့ပွဲက နည်းဗျူဟာကစားပွဲပါ။ အထူးသဖြင့် တောင်ပံတစ်လျှောက်ခြေစွမ်းပြနေတဲ့ ပက်ဂျီဆန်နဲ့ ဝိန်းရွန်နေးတို့ကို တော်တော်လေးတားဆီးဖို့ခက်ခဲခဲ့တယ်"ဟု နာဆရီက သတင်းထောက်များကို ပြောကြားခဲ့သည်။

"ကျွန်တော်တို့ ကောင်းကောင်းယှဉ်ကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် လိုအပ်ချက်အနည်းငယ်ကြောင့် ရှုံးနိမ့်ခဲ့ရပါတယ်။ ပထမပိုင်းမှာ ကျွန်တော်တို့ ခပ်ကြမ်းကြမ်းကစားဖို့ သိပ်မရဲကြသေးပေမယ့် ဒုတိယပိုင်းမှာတော့ အများကြီးပိုကောင်းအောင် ကစားနိုင်ခဲ့ပါတယ်"ဟု သူကဆိုသည်။

နာဆရီက "အသင်းသားများအနေနဲ့ တစ်ခါတစ်ရံ အဝတ်ဗီရိုထဲမှာ နွားရိုင်းသတ်သမားရဲ့ ဝတ်စုံထည့်ထားရမယ်"ဟု တင်စားပြောဆိုခဲ့သည်။ အသင်းအနိုင်ရရှိရန်အတွက် ခပ်ကြမ်းကြမ်းကစားသင့်လျှင် ကစားရမည်ဟု ၎င်းကဆိုသည်။

"အသင်းနိုင်နေသရွေ့တော့ စွဲမက်ဖွယ်ကစားနေတာကို ပြောစရာမရှိပါဘူး။ အသင်းကောင်းတစ်သင်း ဖြစ်ကြောင်း ကျွန်တော်တို့ သက်သေပြနိုင်ခဲ့ပေမယ့် ခုချိန်မှာ ဒါတွေပြောနေလို့ အပိုပါပဲ။ မေလမှာ ထပ်ပြောကြသေးတာပေါ့။ အဲဒီအချိန်ကျရင် ချန်ပီယံဘယ်သူလဲဆိုတာ တွေ့ရမှာပါ"ဟု နာဆရီကဆိုသည်။

အင်တာနက်။

အာရှဖလားနဲ့ မန်ယူတို့အကြား ပက်ဂျီဆန် စိတ်နှစ်ခွဖြစ်နေ

မန်ချက်စတာ ဒီဇင်ဘာ ၁၆

မန်ယူကွင်းလယ်ကစားသမား ပက်ဂျီဆန်သည် ဇန်နဝါရီလတွင် အာရှဖလားပြိုင်ပွဲအတွက် ၎င်း၏အသင်းကို ခေတ္တစွန့်ခွာရမည့်အရေး စိတ်မချနိုင်ဖြစ်နေရသည်။

၎င်းသည် အာရှဖလားပြိုင်ပွဲမတိုင်မီ တောင်ကိုရီးယား အသင်းဖော်များနှင့် တွေ့ဆုံရန် ကာတာသို့ Boxing Day ပြီးနောက် လေယာဉ်ဖြင့် ထွက်ခွာမည်ဖြစ်သည်။ သို့သော်လည်း ပက်ဂျီဆန်သည် ၎င်း၏ အမိနိုင်ငံအတွက် ကစားပေးရန် မန်ယူအသင်း၏ ပွဲစဉ်ခုနစ်ပွဲကို လက်လွှတ်ရတော့မည်ဖြစ်၍ စိတ်မချမ်းမသာဖြစ်နေရသည်။

"ကျွန်တော်အခု အာရှဖလားပွဲကစားဖို့နဲ့ပတ်သက်ပြီး စိတ်နှစ်ခွဖြစ်နေပါတယ်။ အခုလောလောဆယ်မှာ ကျွန်တော်ယုံကြည်မှုအပြည့်နဲ့ ကစားနေတာပါ၊ ဒါကြောင့်သွားရမှာတစ်မျိုးကြီးပဲ။ ဒါပေမယ့် ကျွန်တော့်နိုင်ငံအသင်းနဲ့ ပြန်ဆုံရမှာကိုလည်း ဝမ်းသာနေပါတယ်။ ကျွန်တော်မရှိပေမယ့် မန်ယူဟာ အနိုင်ရဖို့အတွက် ကစားသမားအလုံအလောက်ရှိပါတယ်။ ဒါကြောင့် အခုကျွန်တော့်မိခင်နိုင်ငံအသင်းအတွက် အာရုံထားပြီးနောက်မှ မန်ယူကို ပြန်လည်အာရုံစိုက်ပါတော့မယ်"ဟု ပက်ဂျီဆန်က ပြောကြားခဲ့သည်။

အင်တာနက်။

စိုးတင့်နိုင်

PRECIOUS
GEMS & JEWELLERY
3rd Anniversary Sales
(Discount)

2nd JAPAN CUP KARATEDO CHAMPIONSHIP, 2010
ကရာတေးဒိုပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၆

အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးနှင့် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် 2nd JAPAN CUP KARATEDO CHAMPIONSHIP, 2010 ကရာတေးဒိုပြိုင်ပွဲ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ယင်းအခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. TAKASHI SAITO နှင့် သံရုံးမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဦးဆောင်နာယက ရဲမှူးကြီးခင်မောင်ထွန်း (ငြိမ်း)၊ ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်၊ အထွေထွေအတွင်းရေးမှူး ဦးစိုးဝင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ကရာတေးဒို အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံကရာတေးဒို အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဦးဆောင်နာယကက အမျိုးသားအသင်းလိုက် ကုမိတဲ့ (KUMITE) ပြိုင်ပွဲတွင် ပထမရရှိသော သစ်တောရေးရာ ဝန်ကြီးဌာနအသင်း၊ ဒုတိယရရှိသော Y.C.D.C အသင်း၊ ပူးတွဲတတိယရရှိကြသော အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က အမျိုးသား သက်ငယ်တန်းပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိသော JUNOSUKE TAKAHASHI (International School Yangon)၊ အမျိုးသမီး သက်ငယ်တန်းပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိသော မြတ်ဖြိုးမြင့်သက် (အလက-၂၊ ဒဂုံ)၊ အမျိုးသမီးပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိသော မိုင်အိုလီဗာယင်းဗုာထောင်းလွယ် (အားကစားဝန်ကြီးဌာန)နှင့် အမျိုးသားပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိသော အောင်ခန့် (သစ်တောရေးရာဝန်ကြီးဌာန)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဂျပန်နိုင်ငံသံရုံးမှ First Secretary Ms. MASAKO SATO က အမျိုးသမီးအသင်းလိုက် ကုမိတဲ့ (KUMITE) ပြိုင်ပွဲတွင် ပထမရရှိသော အားကစားဝန်ကြီးဌာနအသင်း၊ ဒုတိယရရှိသော အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်း၊ ပူးတွဲတတိယ ရရှိကြသော သစ်တောရေးရာဝန်ကြီးဌာနအသင်းနှင့် ကယားပြည်နယ်အသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. TAKASHI SAITO က

အမျိုးသမီးပြိုင်ပွဲတွင် ရွှေတံဆိပ် ငါးခုဖြင့် 2nd JAPAN CUP KARATEDO CHAMPIONSHIP,2010 တံခွန်စိုက်ဆုရရှိသော အားကစားဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဆု ပေးအပ်ချီးမြှင့်သည်။**(အပေါ်ပုံ)**

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသားပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခုဖြင့် 2nd JAPAN CUP KARATEDO CHAMPIONSHIP, 2010 တံခွန်စိုက်ဆုရရှိသော သစ်တောရေးရာဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဆု ပေးအပ်ချီးမြှင့်သည်။

ထို့နောက် 2nd JAPAN CUP KARATEDO CHAMPIONSHIP, 2010 ကရာတေးဒိုပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့သော Japanese Chamber of Commerce and Industry, Yangon (JCCY) မှ Vice President MR. MANABU TAKEUCHI အား မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညအပူချိန်များ ဆက်လက်လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၆

ယနေ့နံနက် ၆ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ ယနေ့မွန်းတည့်မှ နောက် ၃ ရက်မှ ၅ ရက်အတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းလာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

TMW Enterprise က ကြီးမှူးကျင်းပသော TMW Giant Sale အထူးဈေးရောင်းပွဲတော် ဒီဇင်ဘာ ၁၇ ရက်မှ သုံးရက်တိုင်တိုင် ကျင်းပမည်

ဈေးကွက်သတင်းမြင်ကွင်း
မောင်မောင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ-ရဲထွင်၊(သတင်းစဉ်)

နှစ်ဟောင်းကုန်ဆုံး၍နှစ်သစ်မင်္ဂလာသို့ ကူးပြောင်းရန် ရက်ပိုင်းမျှသာလိုတော့သည်။ထိုစဉ်အတွင်းဈေးကွက်စီးပွားရေး၏ သင်္ကေတတစ်ရပ်အဖြစ် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများကလည်း နှစ်သစ်မင်္ဂလာအကြို အထူးဈေးရောင်းပွဲတော်များကို ဆောင်းဦးနှင်းပွင့်များအောက်တွင် ခမ်းနားစွာ ကျင်းပနေကြပေပြီ။

လူနေမှုအဆင့်အတန်းမြင့်မားလာသော ပြည်သူတို့ကလည်း အထူးဈေးရောင်းပွဲတော်များကို မျှော်ကြ၏။

မျှော်တုန်းမျှော်ဆဲမှာပင် TMW Enterprise က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲ TMW Giant Sale အထူးဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း မဟာစည်ဝင်းရှိ TMW အရောင်းပြခန်း၌ ဒီဇင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ခမ်းနားစွာကျင်းပပေတော့မည်။

သို့ဖြစ်ရကား မိမိတို့သတင်းအဖွဲ့သည် အထူးဈေးရောင်းပွဲတော်အတွက် ပြင်ဆင်နေမှုကို သိလိုဇောဖြင့် ဒီဇင်ဘာ ၁၆ ရက် ညနေပိုင်းတွင် သွားရောက်ခဲ့စဉ် အထူးစည်ကားနေ၍ ဈေးရောင်းပွဲတော်များ ကျင်းပနေသလားထင်မိကာ အံ့အားသင့်မိစဉ် ဖြစ်ပုံက နာမည်ကျော် အဆိုတော် ချမ်းချမ်း၏ ဗွီစီဒီတေးသီချင်းမိတ်ဆက်ပွဲနှင့်ပါ တိုးနေခြင်းပါပေ။

ပရိသတ်များကြားကTMW Enterprise မှ မစပယ်တင်၊ မလွင်လွင်မြနှင့် ကိုရဲသူအောင်တို့ကို တွေ့ရ၍ အထူးဈေးရောင်းပွဲတော်နှင့် စပ်လျဉ်းပြီး စေ့ငုမေးမြန်းမိသည်။

" TMW Enterprise က နှစ်စဉ်ကြီးမှူးကျင်းပတဲ့ အထူးဈေးရောင်းပွဲတော်ကို အစဉ်အမြဲ လာရောက်အားပေးကြတဲ့ ပရိသတ်များအတွက် ယခုနှစ်မှာလည်း မပျက်မကွက် ကျင်းပပေးခြင်းဖြစ်ပါတယ်။

TMW ၏ Giant Sale အထူးဈေးရောင်းပွဲတော်တွင် နာမည်ကြီး Electronic Brand များကို ခင်းကျင်းပြသထားစဉ်။ (အပေါ်ပုံနှင့် ဝဲပုံ)
(သတင်းစဉ်)

"ယခုပွဲမှာလည်း နာမည်ကြီး Electronic Brand များဖြစ်ကြတဲ့ Sony, LG, T Home အပါအဝင် ဂျပန်နိုင်ငံလုပ်INAX တံဆိပ် အိမ်အလှဆင်ပစ္စည်းများနှင့် ရေချိုးခန်းသုံး ကြွေပြား၊ ကျောက်ပြား၊ granites များ၊ ဖက်ရှင်အဝတ်အစားများ ရောင်းချပေးနေတဲ့ Bossini၊ အိမ်ရာမြေကွက်များကို ရောင်းချပေးသော မြယမုံ၊ Family Entertainment အစရှိသည်တို့ကို လျှော့ဈေးနဲ့ ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။"

ဆက်လက်၍ "အထူးဈေးနှုန်းအဖြစ် KLV-32 BX 300 (Sony LCD TV) ကို ငွေကျပ် ၃၈၉၀၀၀၊ Sony Digital Camera DSC S2000 များကို ငွေကျပ် ၆၉၀၀၀၊ 42 PJ 250 R (LG Plasma TV) ကို ငွေကျပ် ၄၉၉၀၀၀၊ Hotel ခန်းသုံး ရေခဲသေတ္တာများကို ငွေကျပ် ၉၉၀၀၀၊ Grade B(8"x 12") ကြွေပြားကျောက်ပြားကို တစ်ချပ် ငွေကျပ် ၈၀၊ လုပ်ငန်းသုံး Projector များကို ငွေကျပ် ၄၉၉၀၀၀ နဲ့ မြယမုံမြေကွက် ငါးကွက် အပါအဝင် အခြားပစ္စည်းမျိုးစုံတို့ကို အထူးလျှော့ဈေးနဲ့ ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ အသေး စိတ်သိရှိလိုပါက TMW Enterprise ဖုန်း-၀၁-၅၄၄၆၄၄၊ ၅၅၆၉၉၇၊ ၅၄၅၉၆၃ တို့မှာ စုံစမ်းမေးမြန်းနိုင်ပါတယ်။ အစဉ်အားပေးနေတဲ့ ချစ်ပရိသတ်တွေကို အထူးကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

မိမိတို့ သတင်းအဖွဲ့ပြန်ချိန်က မှောင်စပြုပြီ။ အထူးဈေးရောင်းပွဲတော်ကျင်းပချိန်တွင်မူ အားပေးသူပရိသတ်များဖြင့် ပျားပန်းခပ်မျှ ဖြစ်နေပါဦးမည်။ ဈေးကွက်စီးပွားရေး၏သင်္ကေတ အထူးဈေးရောင်းပွဲတော်များနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာသော ပြည်သူတို့က ရေမြင့်ကြာတင့်သို့နှယ် အထူးပန်ရလျက်ရှိကြောင်းပါ။ ။

အထက(၁)ဒဂုံ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

အထက(၁)ဒဂုံ [ယခင်မက်သဒစ် အင်္ဂလိပ်ဟိုက်စကူး(M.E.H.S)ကျောင်း] တွင် ၁၉၅၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပူဇော်ကန်တော့ပွဲကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၅ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်းရှိ ဒဂုံသီရိခန်းမ၌ ကျင်းပမည်ဖြစ်ရာလှူဒါန်းလိုသူများသည် ဦး Albert Ohn Khin ဖုန်း-၀၉-၅၀၀၈၇၅၀၊ ဦးထူးအောင်ကြီး ဖုန်း-၀၉-၅၁၂၁၈၁၈၊ ဦး Henry Lee ဖုန်း-၀၉-၅၀၀၉၀၉၃၊ ဦး Selwyn Kyi Win ဖုန်း-၀၉-၅၁၃၉၄၀၉၊ ဦး Stanley Ko Ko Gyi ဖုန်း-၀၉-၅၀၁၉၉၅၂၊ ဒေါ်Ruby Kyaw Sein ဖုန်း-၀၉-၅၀၉၄၆၆၅၊ ဒေါ် Rosaline Wun ဖုန်း-၅၃၄၇၈၀၊ ဒေါ်တင်မေလွင် ဖုန်း-၅၅၄၀၃၉၊ဒေါ်ခင် သန်းမူ ဖုန်း-၀၉-၅၀၆၈၅၆၄၊ ဒေါ်တင်လှမြင့် အထက(၁)ဒဂုံ၊ ဒေါ်ဝေမာဝင်း ဖုန်း-၀၉-၈၀၃ ၂၂၂၁ နှင့် ဒေါ်စန်းစန်း ဖုန်း-၀၉-၅၀၁၇၁၉၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရပ်သည် အမြဲပြောင်းလဲဆန်းသစ်လျက်ရှိ အဆိုပါပြောင်းလဲမှုကို အမီလိုက်ပါနိုင်ရေးအတွက် မျက်ခြည်မပြတ် လေ့လာဆည်းပူးနေရန်လို

နည်းပညာရပ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပြန့်ပွားအောင်ကြိုးပမ်း

နေပြည်တော် ဒီဇင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ်၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း၊ ရတနာပုံမြို့သစ်စီမံကိန်းနှင့် ရတနာပုံတယ်လီပို့ကူမွဲဏီလီမိတက်တို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)ရှိ သင်ကြားသင်ယူမှုနှင့် သင်ထောက်ကူလက်တွေ့စာသင်ခန်းများ၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားသင်ယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(အပေါ်ပုံ) (သတင်းစဉ်)